www.dhammaransi.com

စေတီ တန်ဆောင်း ကျောင်း ကန် ဇရပ် မှာရုံဂေါပကများ

နှင့်

ဗုဒ္ဓဘာသာဝင်သူတော်စင်များ

သိသင့်သိထိုက်သော

# ဂေါပက နှင့် ဗုဒ္ဓဘာသာတော်

တက္ကသိုလ်
သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

ဒုတိယအကြိမ်



www.dhammaransi.com

စေတီ, တန်ဆောင်း, ကျောင်းကန်,

ဇရပ်, ဓမ္မာရုံ

ဂေါပကများနှင့်

ဗုဒ္ဓဘာသာဝင် သူတော်စင်များ

သိသင့် သိထိုက်သော

# ဂေါပကနှင့် ဗုဒ္ဓဘဏ္ဍာတော်

တက္ကသိုလ်-သျှင်သီရိ

(ဓမ္မာစရိယ-ဘီအေ)

(ဒုတိယ အကြိမ်)

www.dhammaransi.com

- ဘာသာရေးဆိုင်ရာ စာမူ ကြိုတင် ခွင့်ပြုချက်
  အမှတ် - ၁၆၄/၉၃ (၅)
- မျက်နှာဖုံး ကြိုတင် ခွင့်ပြုချက်
  အမှတ် — ၆၃/၉၃ (၁၀)
- ဒုတိယ အကြိမ်၊ အုပ်ရေ - ၁၀၀၀
- ၁၉၉၃ - ခုနှစ်၊ နိုဝင်ဘာလ
- တန်ဖိုး (၁၅) ကျပ်
- အဖုံးပန်းချီ ဦးစိုးလှိုင်

☆ အတွင်းသား ပုံနှိပ်သူ

ဦးသိန်းအောင်၊ ဇီဇဝါ ပုံနှိပ်တိုက်
၂၉၄၀၃ မှတ်ပုံတင် အမှတ် (၀၃၁၄၅)
၁၁၁၁၇ အမှတ် ၁၄၄၊ လမ်း - ၅၀၊ ပုဇွန်တောင်မြို့နယ်
၂၂၈၈၁ ရန်ကုန်မြို့။

☆ မျက်နှာဖုံး ပုံနှိပ်သူ

ဦးကျော်ဇင် (မြ ၀၄၂၂၉)
ခိုင်ရည်မွန် ပုံနှိပ်တိုက်
ဂ၁/ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။


☆ ထုတ်ဝေသူ

ဦးမြသန်း (၀၁၀၅၂)၊ အသိုင်းအဝိုင်း စာပေ
၃၅၊ ဇွဲစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

☆ ဖြန့်ချိရေး

ရွှေသဝင်း စာပေ၊
၁၄၃၊ လမ်း - ၅၀၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.dhammaransi.com



# မာတိကာ


| ကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ အာသီသ စေတနာ | ၃ |
| — သေရွာပြန် ဦးရေခဲခေါ် ဦးအောင်ကြိုး၏ ငရဲဘုံရောက် အတွေ့အကြုံများ | ၄ |
| ၂။ ဥယျော်ဇဉ် | ၁၄ |
| အခန်း (၁) | |
| ၃။ စေတီနှင့် ပုထိုး | ၁၉ |
| စေတီဟု ခေါ်ပုံ | ၁၉ |
| စေတီလေးမျိုး | ၁၉ |
| သာရီရိက စေတီ | ၂၀ |
| မူကွဲများ ရှိနေသည်တွင် | ၂၁ |
| စိတ်သာ အရင်းခံ | ၂၂ |
| ပရိဘောဂိယနှင့် ပရိဘောဂ | ၂၄ |
| ဓမ္မစေတီ | ၂၆ |
| ပုထိုးဟူသော ဝေါဟာရ | ၂၉ |
| ပုထိုးနှင့်စေတီ တူ၊ မတူ | ၃၂ |

www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း (၂)** | |
| ၄။ ဘုရားအမှူးရှိသောသံဃာ လှူဒါန်းမှု မြောက်ပုံ | ၃၇ |
| ၅။ စေတီ့ရုပ်ပွား ဘုရားမည်ပုံနှင့် စေတီ အမျိုးအစားများ | ၃၈ |
| ၆။ စေတီတိုက်သော ပုဂ္ဂိုလ်များ | ၃၉ |
| ၇။ ဘုရားစေတီ ပူဇော်ရကျိုးများ | ၄၀ |
| စကြာမင်းကြီး၏ စိတ်ကူး ဘုရားပူဇော် အကျိုး | ၄၀ |
| ဖန်ဆင်းပုံတော်ကို အာရုံပြု ကြည်ညိုရသောအကျိုး | ၄၂ |
| စေတီတည်ရကျိုး | ၄၃ |
| ဓာတ်တော် ပူဇော်ရကျိုး | ၄၄ |
| ပါဒစေတီ ပူဇော်ရကျိုး | ၄၄ |
| ပရိဘောဂစေတီ ပူဇော်ရကျိုး | ၄၄ |
| စေတီပျက် ပြင်ရကျိုး | ၄၅ |
| သဲပုံစေတီ တည်ထားပူဇော်ရကျိုး | ၄၅ |
| ရုပ်ပွားတော် ပူဇော်ရကျိုး | ၄၅ |
| ဓမ္မစေတီ ပူဇော်ရကျိုး | ၄၅ |
| ဘုရားရုပ်တု ထုလုပ်ပူဇော်ရသောအကျိုး | ၄၆ |
| စေတီ ပြုပြင်ခြင်း အဆုံးအဖြတ် | ၄၈ |

www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း (၃)** | |
| ၈။ ဘတ္တာတော် အမျိုးအစားများ | ၅၁ |
| သံဃာဘတ္တာနှင့် ဘုရားဘတ္တာ | ၅၁ |
| ဘုရားဘတ္တာနှင့် တရားဘတ္တာ | ၅၂ |
| ဘတ္တာတော် အမျိုးအစားများ | ၅၄ |
| (၁) ပရိဘောဂ ဘတ္တာတော် | ၅၄ |
| (၂) အနာမာသ ဘတ္တာတော် | ၅၀ |
| (၃) ဝတ္တက ဘတ္တာတော် | ၅၇ |
| (၄) တတြုပ္ပာဒ ဘတ္တာတော် | ၅၈ |
| (၅) ဥပနိက္ခေပ ဘတ္တာတော် | ၆၀ |
| (၆) အာမိသ ဘတ္တာတော် | ၆၀ |
| ဘတ္တာတော် စောင့်ရှောက်မှု | ၆၂ |
| ဘတ္တာစောင့်တို့၏ တာဝန် | ၆၃ |
| ဗုဒ္ဓဘတ္တာနှင့် ပူဇနိယပွဲများ | ၆၃ |
| ၉။ နိဂုံး | |
| ၁၀။ အကျိုးကျေးဇူးများ | ၆၉ |
| ဘုရားရှင်အား ဆီမီးလှူသော အကျိုး(၃)ပါး | ၆၉ |
| ဖိနပ်တော်လှူခြင်း အကျိုး(၃)ပါး | ၆၉ |
| ဘုရား၌ ခြေသုတ်ခုံလှူသော အကျိုး(၅)ပါး | ၆၉ |
| ဆီကျည်လှူသော အကျိုး(၅)ပါး | ၇၀ |


www.dhammaransi.com

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆီမီးလှူခြင်း အကျိုး(၅)ပါး | ၇၀ |
| ဆွမ်းလှူအကျိုး (၅)ပါး | ၇၁ |
| တံမြက်လှည်းခြင်း အကျိုး(၅)ပါး | ၇၁ |
| ထောပတ်အလှူ အကျိုး(၅)ပါး | ၇၂ |
| ဒန်ပူလှူသော အကျိုး(၅)ပါး | ၇၂ |
| နှမ်းဆီလှူသော အကျိုး(၅)ပါး | ၇၂ |
| ပန်းလှူအကျိုး (၅)ပါး | ၇၃ |
| ယပ်လှူသော အကျိုး(၅)ပါး | ၇၃ |
| ရေစစ်လှူရသော အကျိုး(၅)ပါး | ၇၃ |
| သပိတ်ခြေလှူ အကျိုး(၅)ပါး | ၇၄ |
| ဓားလှူရသော အကျိုး(၅)ပါး | ၇၄ |
| ခါးပန်းကြိုးလှူရသော အကျိုး(၅)ပါး | ၇၅ |
| ခေါင်းအုံးလှူရသော အကျိုး(၅)ပါး | ၇၅ |
| ဘုံသျှို အခင်းလှူခြင်း အကျိုး(၅)ပါး | ၇၆ |
| ထီးလှူရသော အကျိုး(၈)ပါး | ၇၆ |
| သင်္ကန်းလှူရသော အကျိုး(၈)ပါး | ၇၇ |
| စေတီကို သန့်ရှင်းပြုပြင်ရသည့် အကျိုး | ၇၇ |
| ဘုရားရုပ်တု ထုလုပ်ပူဇော်ရသောအကျိုး | ၇၈ |


☆

www.dhammaransi.com



# အာသီသ စေတနာ

ကျွန်ုဘော်၏ပတ်ဝန်းကျင်ရှိ မမွာရုံတစ်ခုတွင် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး တာဝန် တို့ဖြင့် သာသနာ့ အကျိုးတွက် ဝေယျာဝစ္စ ဆောင်ရွက် သွား ကြ သော ပုဂ္ဂိုလ်နှစ်ဦးသည် မမွာရုံပိုင်ငွေ၊ ဘုရားရုပ်ပွားတော်ပိုင်ငွေ၊ အများ ပြည်သူ စုပေါင်း ရှင်ပြု အလှူငွေ တို့မှ အယောနိသော မနသိကာရဖြင့်လုပ်မှား၊ ကိုင်မှား ရှိခဲ့ကြပါသည်။

ထို သူ များ သည် သံသရာကိုပင် မစောင့်၊ ဒိဋ္ဌဓမ္မ မျက်မှောက် ဘဝ၌ပင် (ယခင်က လူတစ်လုံး သူတစ်လုံး ဖြင့် စားနိုင် သောက်နိုင်ဘဝတွင် ရှိလျက်ဘဝက နေပြီး) အိမ်ပျောက်၊ စီးပွားပျက်၊ ဘဝပျက်ကြသည်။ (တိုက် ဆိုင်မှုပင်လား၊ ဘုရားဘဏ္ဍာတော်ကပင် တကယ် ဒဏ် ခတ် သည် လားတော့ မပြောတတ်ပါ၊ အများကတော့

www.dhammaransi.com



ဘုရားငွေ အလွဲသုံးစားလုပ်မိကြ၍ ကုန်း ကောက်စရာ မရှိဒုက္ခရောက်ကြသည်ဟု သမုတ်ကြပါသည်။)

ဤသည့် ပုဂ္ဂိုလ်များကို ဒိဋ္ဌဓမ္မ တွေ့ရသော အခါ စာရေးသူသည် အတော်ပင် သံဝေဂ ညာဏ်ပွားမိပါသည်။ ထိုပုဂ္ဂိုလ်များ၏ အဖြစ်အပျက်ကို တွေ့မြင်ရပြီး ဓမ္မ သံဝေဂရသော ဓမ္မမိတ်ဆွေတစ်ဦး ဖြစ်သူ ဆရာသန်း ဆိုသူက စာရေးသူထံ လာ၍—

"ဆရာ.... ဘုရားဘဏ္ဍာငွေ သုံးစွဲမှုနှင့် ပတ်သက်၍ ဘုရားဟော စည်းမျဉ်း သတ်မှတ်ချက် ရှိပါသလား၊ ကျွန်တော်တို့တတွေ ယခု ဘာသာ သာသနာ အကျိုး ဆောင်ရွက်နေရတာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဘဝ မျိုး ရောက်ကြလျှင်အလွန်နစ်နာလှပါတယ်၊ ကိုယ့်ဘာသာ ကိုယ် ငါးပါးသီလ မြဲပြီး နေတာကမှ အန္တရာယ် ကင်း ပါသေးတယ်၊ သာသနာအကျိုး ကုသိုလ်ရဖို့ လုပ်ရသေး၊ တစ်ဘက်က အလုပ်များ၊ ဇောကိုင်များ၍ ဒုက္ခ ရောက် ရ သည်မှာ သာသနာအတွက်လည်း မကောင်း၊ သာသနာ အကျိုး လုပ်သူအဖို့မှာလည်း နစ်နာနှင့် မကောင်း ပါဘူး၊ ဘုရားပစ္စည်း သုံးစွဲမှု အကြောင်း စည်းကမ်း သတ်မှတ်ထားတာ ရှိလျှင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် တွေ အပါအဝင် ဂေါပက အဖွဲ့ဝင်တွေ အကုသိုလ် အဖြစ်မရဘဲ သာသနာအကျိုးဆောင်ရွက်နိုင်ရန် အများ လည်း လွယ်လင့်တကူ ဖတ်ရှုသိရှိနားလည်ရန် စာစောင် တစ်စောင်မှုဖြစ်စေ၊ စာအုပ်တစ်အုပ် ဖြစ်စေ ရေးပေးပါ

www.dhammaransi.com



ဆရာ'' ဟု လာရောက် ဆွေးနွေး အကြံပေးပါသည်။ ဆရာသန်း၏ အကြံကို စာရေးသူကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံမိပါသည်။ ဘာသာ သာသနာအကျိုး ဆောင်ရွက် နေသူများ၊ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ မဖြစ်စေရေးအတွက် ရေးသားရန် အားထုတ် ကြိုးစားမိ ပါသည်။

ထိုသို့ရေးသားရန် အားထုတ်နေဆဲမှာပင် ဓမ္မမိတ်ဆွေ မြောက်ဥက္ကလာပမြို့၊ ရွှေဥမင် တောရမှ ဓမ္မယောဂီ ဒေါ်ဝိုင်းစံနီက သုံးခွမြို့မှ သေရွာပြန် ဆိုက္ကားဆရာ ဦးရေခဲ၏ ကိုယ်တွေ့ အဖြစ်အပျက် ဇာတ်လမ်း သွင်း ထားသော တိပ်ခွေ နားထောင်ခဲ့ရကြောင်း၊ ယင်း တိတ်ခွေတွင် လူ့ဘဝ ရှိစဉ်က ပြုခဲ့သော အကုသိုလ် ကြောင့် ခံစားရသော ငရဲသားတို့၏ မှတ်တမ်းများ ပါ ကြောင်းကို မှတ်တမ်းအရ ဦးရေခဲက လိုက်လံဆောင်ရွက် ပေးရကြောင်း၊ သေသူများ (ဝါ) ငရဲခံရ သူများ မှာ လိုက်သော စွည်းများကို ပြန်ရှာပေးရာ မှာလိုက်သော နေရာတွင် တွေ့ရကြောင်း၊ ယင်းငရဲသားထဲတွင် ဘုရား ဘဏ္ဍာ အလှူခံထွက်ရာမှ (၅၀) ယူသုံးမိ၍ ခံရသော ငရဲသား ပါကြောင်း စသည်ဖြင့် သူမ နားထောင်ခဲ့ရမှု အလုံးစုံကို ပြောပြပါသည်။

ယင်း ဦးရေခဲ ဇာတ်လမ်း အပြည့်အစုံမှာ—

* * *

www.dhammaransi.com



## သေရွာမြှနိ ဦးရေခဲ (ခေါ်) ဦးအောင်ကြီး၏ ဝေဒနာခံနိုင်ရေးတွေ့ကြုံမှုများ

ဦးရေခဲ၏ ငယ်နာမည်မှာ ဦးအောင်ကြီး ဖြစ်သည်၊ အလွန် အေးဆေးသူ ဖြစ်၍ အရပ်က ဦးအောင်ကြီးဟု မခေါ်၊ ဦးရေခဲဟူ၍သာ ခေါ်ကြသည်။ ဦးရေခဲသည် ငယ်စဉ်က စစ်မှုထမ်းခဲ့ပြီး စစ်ပင်စင်စား တစ်ဦးလည်း ဖြစ်သည်။

ဦးရေခဲသည် မူလဇာတိ မင်းလှမှာ နေပြီး ပင်စင်ယူသောအခါ ဟံသာဝတီ ခရိုင် သုံးခွမြို့တွင် အခြေချ နေထိုင်ခဲ့သည်။ အသက်မွေး ဝမ်းကျောင်း အနေနှင့် ဆိုက္ကားနင်း၍ အသက်မွေး ဝမ်းကျောင်း ပြုသည်။

ဦးရေခဲသည် ဆိုက္ကားနင်းရင်း အစာအိမ်သေးကြော ပေါက်သကဲ့သို့ ဝေဒနာ ခံစားရသည်။ ဆင်းရဲ၍ ဆေး မကုသနိုင်ချေ။

ရောဂါဝေဒနာ ရ၍ အိပ်ရာထဲ လဲနေစဉ် တစ်နေ့ ရွာဦး ဆရာတော်က ဝိပဿနာတရား ဟောကြားသော ဖြစ်ပျက်တရား သတိရလာမိသည်။ နားထဲတွင် ထိုဖြစ်ပျက်တရားကို ကြားနေရပြီး ရှုမှတ်လိုသော စိတ်ဆန္ဒ ပေါ်လာ၍ ရှုမှတ်နေမိသည်။

ဦးရေခဲသည် တရားရှုမှတ် နေရင်းပင် ဝေဒနာက မြင်းထန်လာပြီး မခံမရပ်နိုင် ဖြစ်လာသည်၊ နောက်ဆုံး ည (၉)နာရီ လောက်တွင် ဝေဒနာဒဏ် မြင်းပြီး မေ့ မြော သွားလေသည်။

ထိုသို့မေ့မြောသွားစဉ် ဦးရေခဲကို ပုဂ္ဂိုလ်ကြီးတစ်ဦးက လာရောက်ခေါ်ငင်သဖြင့် လိုက်သွားမိသည်။

ထိုပုဂ္ဂိုလ်ကြီး၏ ပုံသဏ္ဍာန်မှာ ဦးထိပ်၌ အချွန် ပါသော အဆောင်းတစ်ခု ဆောင်းထားသည်။ ပုဂ္ဂိုလ်ကြီး၏ ပေါင်တစ်လုံး တစ်လုံးသည် ထန်းပင်လုံးလောက်ကြီးသည်။ အသားမည်းသည်၊ မျက်လုံးပြူးသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဦးရေခဲကို ယာဉ်တစ်ခုနှင့် တင်ဆောင် ခေါ်သွားသည်။ ယာဉ်သည် လှည်းပုံသဏ္ဍာန်လည်း မဟုတ်၊ ယာဉ်တစ်မျိုး ဖြစ်သည်။ အလွန် လျင်မြန်စွာ သွားသည်၊ ဦးရေခဲသည် ထိုယာဉ်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ဒူးပေါ်ကို လက်နှစ်ဖက် တင်ကာ လိုက်သွားရသည်။

မကြာခင် ယာဉ်သည် တံခါးများ အလုံပိတ်ထားသော အုတ်တံတိုင်းတစ်ခု အနီးအနားသို့ ရောက်သွားသည်၊ ယာဉ်ရောက်သော အခါ တံခါးများ အလိုအလျောက် ပွင့်သွားသည်။

အုတ်တံတိုင်းအတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အပူမီးဟပ်သကဲ့သို့ အဟပ်ခံရသည်။ ဦးရေခဲက အလွန်ပူလှချည်ရဲ့ဟု အော်လိုက်သောအခါ ထိုပုဂ္ဂိုလ်ကြီးက မပူစေရပါဘူး ဟု ပြောလိုက်သောအခါ အပူရပ်သွားတော့သည်။

ဦးရေခဲသည် ဖြစ်ပျက်[illegible]များကို သတိရပြီး ဆက်လက်ရှုမှတ်သည်၊ အုတ်တံတိုင်းအတွင်းထဲသို့ ဝင်ရောက်

www.dhammaransi.com



ကြည့်လိုက်သောအခါ ယာဇနာများစွာ ကျယ်ဝန်းသော ငရဲအိုးကြီးကို တွေ့ရသည်။

ယင်းအိုးကြီး အတွင်းဝယ် လူများ၊ ရဟန်းများ၊ သီလရှင်များ များစွာကို တွေ့ရသည်။

ငရဲအိုးကြီးထဲတွင် ဦးရေခဲ အသိတစ်ယောက် သွားတွေ့သည်။ ထိုသူက ဦးရေခဲကို မှာသည် –

"ငါ့သားသမီးတွေ အိမ်စာချုပ် မတွေ့လို့ စကားများနေကြတယ်၊ အဲဒီစာချုပ် ဥရှုတိုင်မှာရှိတယ်၊ ဥရှုတိုင်ထဲမှာ ထွင်းထည့်ထားတယ်၊ မင်းပြန်သွားရင် ပြောပြပေးပါ"

နောက် မောင်ဒအေးသိန်း ဆိုသော ကျောင်းသားလူငယ်တစ်ယောက်ကို ဦးရေခဲ ထပ်တွေ့ရသည်။

"သူ၏ သူငယ်ချင်းဖြစ်သူ မဘာင်ဦးထံမှ သင်္ချာစာအုပ်ငှားထားပါသည်၊ သင်္ချာစာအုပ် ပြန်မပေးရသေးပါ၊ ပြန်ပေးစေလိုပါသည်၊ ဖောင်တိန်ကလဲ အိမ်ခေါင်းရင်းက ဝါးလုံးခေါင်း ထဲမှာ ထည့်ထား ပါသည်၊ အဲဒါ ဘဘပြန်ရင် ပြောပြပေးပါ"

နောက်သပ်မိန်းကလေးတစ်ယောက်နှင့်တွေ့ပြန်သည်။

"ကျွန်မရဲ့ နားတောင်းလေးရယ်၊ လက်စွပ်ကလေးကို လက်ကိုင်ပဝါနှင့် ထုပ်ပြီး အိမ်နောက်ဖေး ကပေါက်ပန်းဖြူပင် နှစ်ပင်ကြားမှာ မြှုပ်ထားတယ်၊အဲဒါ ဖော်ယူပြီး ကျွန်မ အတွက် ဆွမ်းသွတ် ပေးစေလိုပါတယ်"ဟု အသီးသီး မှာကြားကြသည်။

www.dhammaransi.com



ထိုနောက် ထိုပုဂ္ဂိုလ်ကြီးက လူတစ်ယောက်ကို ခေါ်ပြပါသည်။ အဲဒီလူက လူ့ဘဝတုန်းက ဘုရားဧဂါပက လူကြီးပဲဟု ပြောပါသည်။ ဦးရေခဲက ဘုရားလူကြီး ဖြစ်ပြီး ဘာပြုလို့ ဒီမှာ လာခံနေရပါသလဲဟု မေးသည်။

"အလှူခံရငွေထဲကငွေ(၅-ကျပ်)ခဏသုံးပြီး ဆေးလိပ်ဝယ်သောက်မိတယ်၊ နောက်တော့ ဒီငွေ ပြန်မဆပ်မိဘူး၊ ဤအကုသိုလ်ကြောင့် ဤမှာလာခံနေရပါသည်" ဟု ထိုသူက ဖြေသည်။

ထိုပုဂ္ဂိုလ်ကြီးက ဦးရေခဲကို ရှေ့ဆက်လက်ခေါ်သွားပါသည်။ ခေါင်းကို ထုလိုက်၊ ခေါင်းက ရှည်လာလိုက်၊ ထုလိုက် ရှည်ထွက်လာလိုက်နှင့် ခံနေရသူတွေကို တွေ့တော့ မေးကြည့်သည်။

"လူ့ဘဝက ငါးစိမ်းသည်တွေ ငါးများကို ထုထုပြီး ရောင်းချခဲ့တဲ့ အကုသိုလ်ကြောင့် ခံရသည်"ဟု ပြောပြကြသည်။

နောက် ဆက်သွားရာ ပါးစပ်ထဲ သံပူရည်တွေ လောင်းချခံနေရသော လူတစ်စုကို သွားတွေ့ရပါသည်။ သူတို့က ဘာလုပ်ခဲ့လို့လဲဟု မေးတော့—

"လူ့ဘဝတုန်းက အရက်သောက်ကြသူတွေ၊ ကုန်းချောသူတွေ၊ ကောက်ကျစ်စကား ပြောသူတွေ၊ ကြမ်းတမ်းစကား ပြောဆိုသူတွေ ခံစားနေရသော ငရဲ" ဟု ပြောပြသည်။

www.dhammaransi.com



နောက်သံပူရေနှင့် ပက်ခံနေရသူတွေကို တွေ့ပါသည်။ မေးကြည့်တော့—

"လူ့ဘဝတုန်းက ဖဲရိုက်သူ၊ ဖဲလိမ်သူတွေ ခံနေရတာပါ"ဟု ပြောပြသည်။

နောက် ဆက်သွားတော့ ဘုန်းကြီးတွေ၊ သီလရှင်တွေ အပေါ်ရုံဝတ်ကို ချပြီး သံရေပူ အိုးထဲသို့ ခုန်ချနေသည်ကို တွေ့ရသည်။ မေးကြည့်တော့—

"ဝိနည်းသိက္ခာပုဒ်နှင့် မညီ၊ အကျင့်သီလနှင့် မညီတဲ့ ဘုန်းကြီး၊ သီလရှင်တွေ"ဟု ပြောပါသည်။

နောက် ဆက်လက် ခေါ်သွားရာ ဓမ္မာရုံကြီးကဲ့သို့သော လှပခန့်ငြားထည်ဝါသော အဆောက်အအုံတစ်ခုကို တွေ့ရသည်။ ထိုအဆောက်အအုံထဲတွင် အလွန်တရာ ကြည်ညိုဖွယ် ကောင်းသော ဘုရား တစ်ဆူကို တွေ့ရပါသည်။

"ဘုရားကိုဖူးချင်လိုက်တာ"ဟု ဦးရေခဲက ပြောသောအခါ—

"မဖူးနဲ့၊ ဒါဟာ လူတွေဖူးရတဲ့ ဘုရားမဟုတ်ဘူး" ဟု ပြောပြီး အောက်သို့ငုံ့ကြည့်ခိုင်းပါသည်။ ကြည့်လိုက်သောအခါ အလွန်တရာ သာယာလှပသော ပန်းဥယျာဉ်ကြီးကို တွေ့ရပါသည်။ ယင်းမှ ရှေ့သို့ မျှော်ကြည့်လိုက်သောအခါ ဝက်လာပင်ကဲ့သို့သော အပင်များစွာပေါက်နေသည်ကို တွေ့ရသည်။ ဦးရေခဲစိတ်ထဲတွင် ဝက်လာပင်တွေပဲ။ ထိမိရင်တော့ လက်တွေပြတ်ကုန်မှာပဲဟု ထင်မြင်မိသည်။

www.dhammaransi.com



လက်တွေ့ ကိုင်ကြည့်လိုက်တော့ အလွန်နူးညံ့သည်ကို တွေ့ရပါသည်။ ဦးရေခဲကိုခေါ်သွားသော ပုဂ္ဂိုလ်ကြီးက ဝက်လာတောထဲက ဖြတ်ခေါ်သွားသည်။ ရွှေနားသို့ အရောက်တွင် ဘူးပင်များနှင့် ဘူးသီးများကို တွေ့ရသည်။

"ဘူးသီးတွေ စားချင်လိုက်တာ"

ဟု ဦးရေခဲက ပြောသောအခါ—

"မစားနဲ့၊ ဒါဟာ လူတွေစားတဲ့ ဘူးသီးမဟုတ်ဘူး"

ဟု ပြောပြီး—

"မင်းတရားကို မင်းဆက်ရှုပါ၊ မင်းရောဂါကို လဲ မကြောက်နှင့်၊ မင်းပြန်ရင် မင်းရောဂါအတွက် သရင်းကြီးရွက်နှင့် ထန်းလျက်ကို သုံးခွက် တစ်ခွက်တင်ကျိုပြီး သောက်လိုက် ပျောက်လိမ့်မည်၊ ယခု မင်းပြန်တော့"

ဟု ဆိုကာ ပြန်လွှတ်လိုက်သည်။

ထိုအချိန်မှစ၍ ဦးရေခဲ သတိရလာသည်။ အိမ်သို့ ပြန်လာသည်၊ အိမ်စောင့်နတ်က အဝင်မခံ၊ ခွေးကလိုက်ကိုက်သည်၊ သူ ဒီအိမ်ရှင်ပါဟုပြောမှ ဝင်ခွင့်ပေးသည်။

သူသတိရလာ၍ ရေခတောင်းသည်၊ အသုဘခေါင်းထဲက အသံထွက်လာ၍ လူတွေအားလုံးသူရဲခြောက်သည်ဟု ဆိုကာ အသုဘ စောင့်သူများရော၊ ဖဲကစား သူများ ဝရန်းသုန်းကား ထပြေးကြသည်။ အိုးခွက်ပန်းကန်များ ကွဲကြေ ပျက်စီးရသည်။

www.dhammaransi.com



ဦးရေခဲသတိရသောအချိန်သည် သူ့ကိုးမြေမြုပ်သင်္ဂြိုဟ်မည့် (၃)ရက်မြောက် နံနက်(၄)နာရီအချိန် ဖြစ်သည်။

နောက် ဦးရေခဲက သမီးကို တစာစာခေါ်မှ သမီးနှင့် သားချင်းများ ရောက်လာပြီး သေချာ ကြည့်ကြသည်။ အခေါင်းထဲက ပွေ့ထုတ်ကြသည်၊ ရေတိုက်ကြသည်။

ဦးရေခဲက သတိရ၍ ပတ်ဝန်းကျင်ကိုကြည့်ပြီး သမီးကို မေးသည်။

"ဒါတွေဟာ ဘာလုပ်ဖို့လဲ သမီး"

"အဖေသေလို့ အဖေ့ အသုဘအတွက် ကျွေးမွေးဖို့ ဆန်က (၃)တင်း ချက်ထားပါသည်၊ ဝက်သား က အချိန်(၁၀) ချက်ထားတာတွေပါ"

ဦးရေခဲသည် ထိုထမင်း- ဟင်းများကို ဆက်လှူစေသည်။ ကြွရောက်လာသော ပရိသတ်တို့ကို မိမိအဖြစ်အပျက်ကို ပြောပြသည်၊ အားလုံး အံ့သြ ငေးမောကြောက်ရွံ့ကြသည်။

ဦးရေခဲသည် မိမိရောဂါကို ထိုးဂိုလ်ကြီး ပြောပြသည့် အတိုင်း စိမ်ပြီးသောက်ရာ ရောဂါလည်း ပျောက်သည်။

ရေပြည်က မှာလိုက်သည်များကို သက်ဆိုင်သူတွေကို ပြောပြသည်၊ ရှာဖွေစေသည်၊ အားလုံး တွေ့ကြသည်၊ ပြန်ပေးကြသည်၊ ကုသိုလ်ပြုကြသည်။

www.dhammaransi.com



ဦးရေခဲသည် သံသရာအပြစ်ကို ကြောက်ရွံ့လှသဖြင့် သူ့တွင်ရှိသော ကြွေးများကို အိမ်ကို ရောင်း၍ ဆပ်လေသည်။

ဝိပဿနာ ကမ္မဋ္ဌာန်းကို ဆက်လက် အားထုတ် ခဲ့လေသည်။

× × ×

ထိုအဖြစ်အပျက်ကို ဦးရေခဲသည် ကက်ဆက်ခွေ သွင်းပေးထားခဲ့သည်။ ထိုကက်ဆက်ခွေ အသံကို ဓမ္မယောဂီ ဒေါ်ဝိုင်းစိန်က ရွှေဥမင် တောရတွင် နာခဲ့ရ၊ ကြားခဲ့ရသည်။

စာရေးသူ၏ အာသီသ စေတနာသည် ဂေါပက လူကြီးတစ်ယောက် အမှတ်တမဲ့ ငွေကလေး (၅)ကျပ် ယူသုံးမိသည်နှင့် ခံရသော ဒုက္ခဆင်းရဲသည် စားရတာနှင့် မကာမိအောင် သဘောရှိသည်။ ထို့အတွက် ဘုရားငွေသည် အလွန်ပင် ကြောက်စရာ ကောင်းသည်၊ ကုသိုလ် တင်ပဲ၊ ငရဲ ဘယ်ပိုသော ရှိသည်ကို သိစေလိုကြသည်၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဖြစ်စေလိုကြသည်။

သို့အတွက် ဤစာအုပ်ကို ပြုစုရေးသား ထုတ်ဝေရ ပါသည်။ ဤစာအုပ် ဖြစ်မြောက်ရေး အတွက် ရေးသားရန် တိုက်တွန်း နှိုးဆော်သော ဓမ္မမိတ်ဆွေ ဦးသန်းအား လည်း ကောင်း၊ ဤစာအုပ် ထုတ်ဝေရေး ကို ဆောင်ရွက်ကြသော စာပေ ဖြန့်ချိရေး ဦးကျော်လွင်

www.dhammaransi.com

## ၁၂ တက္ကသိုလ်-သျှင်သီရိ

ဒေါ်အုန်းကြည် တို့အား လည်းကောင်း အထူးကျေးဇူး တင်ကြောင်း မှတ်တမ်း တင်အပ်ပါသည်။

တက္ကသိုလ်-သျှင်သီရိ

(ဓမ္မာစရိယ-ဘီအေ)


သိင်္ဂါရ ရသ မပါဘဲ ဘုရားရောင်ခြည်တော် စသော ရတနာပူဇာ ကဗျာ လင်္ကာ သီချင်းတို့ကို သီဆိုတီးမှုတ် ပူဇော်က မဟာကုသိုလ်စိတ် ပြဋ္ဌာန်း၍ ကုသိုလ်ရသည်ဟု ဆိုပါသည်။

www.dhammaransi.com

## ဘုရား၌ ခြေသုတ်ခုံ လှူရသော အကျိုး (၅)ပါး

- ဖြစ်လေရာ ဘဝ၌ ရွှေအဆင်းနှင့် တူသော အဆင်း ရှိခြင်း၊
- မြူအညစ်အကြေး ကင်းခြင်း၊
- အဆင်း အရောင်အဝါ လှပတင့်တယ်ခြင်း၊
- တန်ခိုးအာနုဘော် ကြီးခြင်း၊
- သိမ်မွေ့သော ကိုယ်ရှိခြင်း၊

www.dhammaransi.com



# ဂေါပကနှင့် ဗုဒ္ဓဘဏ္ဍာတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဥယျောဇဉ်

မြန်မာနိုင်ငံ ဒေသ အသီးသီးတွင် တန်ခိုးကြီးသော ဘုရား စေတီများ၊ ရုပ်ပွားတော်များ၊ တန်ခိုးမကြီးသာမန်သာ ရှိသော ဘုရား စေတီတော်များ၊ ရုပ်ပွားတော်များ များစွာရှိပါသည်။

ထိုဘုရားစေတီ ရုပ်ပွားတော်တို့တွင် တန်ခိုးကြီးသော ဘုရားစေတီ ရုပ်ပွားတော် တို့ကိုမူ နိုင်ငံတော် အစိုးရက တရားဝင် ဖွဲ့စည်း ပေးထားသော ဂေါပက အဖွဲ့များ ရှိပါသည်၊ ထိုဂေါပက အဖွဲ့များသည် သတ်မှတ်ထားသော စည်းကမ်း ဥပဒေများနှင့်အညီ ဘုရားစေတီများကို စောင့်ရှောက်၍ ပြုပြင်ကြသည်၊ စီမံကြသည်။

အချို့မြို့နယ်ရှိ ဘုရားစေတီများ အဆင့်တွင်မူလည်း မြို့နယ် ဂေါပက အဖွဲ့များ ဖွဲ့စည်းကာ စောင့်ရှောက်နေသည်ကို တွေ့ရပါသည်။

www.dhammaransi.com



အချို့ ရပ်ကွက် ဓမ္မာရုံများ အဆင့်တွင် လည်း ရပ်ကွက် အဆင့်လောက် ဂေါပက အဖွဲ့အစည်း များ ဖွဲ့စည်းကာ ဆောင်ရွက် လုပ်ကိုင် နေသည်ကို တွေ့ရ ပါသည်။

နိုင်ငံတော်က ကြီးကြပ် ဖွဲ့စည်းပေးထားသော ဘုရား စေတီတို့တွင် ဂေါပက စည်းမျဉ်း၊ ဘဏ္ဍာရေး စည်းမျဉ်း စသည်တို့ စနစ်တကျ ထားရှိလုပ်ကိုင်သလို ထိုဂေါပက အဖွဲ့ဝင်များကို ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ပေးနေ သော ဩဝါဒ ဆရာတော်များ ရှိကြ၍ အမှားမရှိနိုင် ကြပေ။

မြို့နယ် ရပ်ကွက် အဆင့်လောက်တွင်မူ အချို့သည် တိတိကျကျ ဂေါပက အဖွဲ့အစည်း များ ဖွဲ့စည်း ပြီး ဆောင်ရွက် နေကြသော်လည်း သတ်မှတ် ထားသော စည်းမျဉ်းဥပဒေမရှိ၊ နည်းပေးလမ်းပြ ဩဝါဒဆရာတော် သံဃာတော်များလည်း မရှိ၊ စေတနာ သဒ္ဓါတရားအရ စုပေါင်း လုပ်ကိုင် နေကြသည်။ ဘုရား ဘဏ္ဍာ တော် သုံးစွဲရေးနှင့် ပတ်သက်၍ ဘုရား ဝိနည်းဘောင်ကို မသိ၊ မကျွမ်းကျင်ကြ၍ လုပ်မှားကိုင်မှား ရှိခဲ့တတ်ကြပါသည်။

ဘုရားဘဏ္ဍာတော် ဆိုသည်မှာလည်း သာသနာရေး ပင် ဖြစ်ပါသည်။ သာသနာရေး အတွက် ဆောင်ရွက် သော ဘဏ္ဍာရေး ပြဿနာမှာ ကုသိုလ်ကောင်းမှု နှင့် ဆက်သွယ် နေရကား သိမ်မွေ့နက်နဲလှပါသည်။ အကိုင် အတွယ် ခက်ခဲသည်၊ မီးကို့ မကိုင် တွယ် တတ် လျှင်

www.dhammaransi.com



ကိုင်တွယ်သူကို လောင်ကျွမ်းတတ်သည်၊ မြွေကို မဖမ်းတတ်လျှင် ဖမ်းသူကိုပေါက်ဘတ်၍ သေဘေးဒုက္ခရောက်နိုင်သည်။ မီးကို ကိုင်တွယ်တတ်ပါက ချက်ပြုတ် ကြော်လှော်ရန်အတွက် လူတို့တွင် များစွာအကျိုးရှိသည်။ မြွေကို အလယ် အမြီးကမဖမ်းဘဲ ဦးခေါင်းက ပိုင်နိုင်စွာ ကိုင်တွယ် ဖမ်းတတ်လျှင် ကိုယ်လိုရာ အကျိုး ပြီး စေနိုင်သည်။

ဘုရားဘဏ္ဍာတော်ကို ကိုင်တွယ်ရာ၌ မကျွမ်းကျင် မလိမ္မာလျှင် မီးထက် မြွေထက်ပင်ကြောက်စရာ ကောင်းလှပါသည်။ မီး၊ မြွေ အကိုင်အတွယ် မှားက တစ်ဘဝသာ လောင်နိုင်၊ သေနိုင်သည်။ ဘုရား ဘဏ္ဍာတော် အကိုင်အတွယ် မှားပါက ဘဝပေါင်းများစွာ မခန့်မှန်း နိုင်သော ဘဝအထိ လောင်ကျွမ်း နိုင်ပါသည်၊ ဒုက္ခ ရောက်နိုင်ပါသည်။

ထို့ကြောင့် ဂေါပကရှိပြီး ဩဝါဒပေးမည့်ဆရာတော် သံဃာတော်မရှိ၊ မိမိတို့ ကိုယ်တိုင်ကလည်း မကျွမ်းကျင် မလိမ္မာ၊ မြို့နယ် ရပ်ကွက်ရှိ ဘုရားစေတီ ဓမ္မာရုံစသည် တို့မှ သာသနာ့ အကျိုးဆောင် ဂေါပက များ သည် ဘုရားရှင် ၏ ဝိနယဓမ္မ တို့ကို အမြဲထာဝရ နှလုံးသွင်း ထိန်းသိမ်းစောင့်ရှောက်နေကြသော ရဟန်းသံဃာတော် များ၏ အကူအညီ အကြံပေးမှု ဩဝါဒပေးမှု တို့ကို ခံယူရန် လိုအပ်ပါသည်။

www.dhammaransi.com



ဘုရားလူကြီး များသည် ဘုရား ဘဏ္ဍာတော် သုံးစွဲရေးနှင့် ပတ်သက်၍ အလွဲအမှား မရှိရလေ အောင် ရဟန်းသံဃာတော် တို့၏ ညွှန်ကြား ဩဝါဒပေးချက် ဘုရားရှင်၏ ညွှန်ကြားချက် စာပေတို့ကို လေ့လာ လိုက်စားရန် လိုအပ်ပါသည်။

မသိ မကျွမ်းကျင်၍ ဘုရားဘဏ္ဍာကို အလွဲသုံးစား လုပ်မိလျှင် ''အကျိုးလို၍ ညောင်ရေလောင်း၊ ပတ်ထမ်းနှင့်တွေ့'' ဆိုသကဲ့သို့ ကုသိုလ်မရဘဲ ငရဲဘဝသို့ ကျရောက်တတ်ပေသည်။

☆

''ဝက္ကလိ....
စင်စစ် တရားတော်ကို
မြင်သောသူသည်
ငါဘုရားကို ဖူးမြင်ရသူ
မည်၏''

ဖောင်၂-


www.dhammaransi.com

"ရတနာသုံးပါးအား ပူဇော်ရန်

အလှူငှာ ပြုအပ်သော ကချေ,

သဘင်သည် ကုသိုလ် ဖြစ်သည်"

www.dhammaransi.com



# အခန်း - ၁

## စေတီနှင့် ပုထိုး

### စေတီဟုခေါ်ပုံ

စေတိယ ဟူသော ပါဠိသို့ လိုက်၍ စေတီ ဟူသော မြန်မာစကား ဖြစ်လာ၏၊ လောကိယမှ လောကီ ဖြစ်လာသကဲ့သို့ပင်တည်း။

### စေတီလေးမျိုး

စေတီ အကြောင်းကို တေရသနိပါတ် ၆-ခုမြောက်သော ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာမှာ လာရှိသည့်အတိုင်း သိရာ၏။ အဋ္ဌကထာ၌ လာရှိပုံကား—မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ ပြည် သူ ပြည် သား တို့သည် နံနက်ခင်း-ညနေခင်းများမှာ ပန်းနံ့သာစသည် လက်စွဲ၍ မြတ်စွာဘုရားကို ဖူးမြော် ပူဇော်ရန် လာရောက်ကြရာ ကျောင်းတော်တွင် မြတ်စွာဘုရား မရှိသည့် အခိုက်နှင့်

www.dhammaransi.com



ကြုံကြိုက်နေပါက ဆောင်ယူခဲ့သည့် ပန်းနံ့သာ စသည်တို့ကို ဂန္ဓကုဋိ တိုက်တံခါးဝ၌ စုပုံခဲ့ပြီးလျှင် ကြည်လင်ဝမ်းမြောက်သောစိတ် မရှိဘဲ ပြန်သွားကြရကုန်၏။

ဤအကြောင်းကို အနာထပိဏ် သူဌေး သိသောအခါ အရှင်အာနန္ဒာထံ ချဉ်းကပ်ပြီးလျှင် အဖြစ်အပျက်ကို လျှောက်ထား၍ 'မြတ်စွာဘုရား ကျောင်းတော်၌ မရှိသည့်အခါ မြတ်စွာဘုရားနှင့် အလားတူ ပူဇော်ရာဌာန တစ်ခု ရှိပါက အလွန်တရာမှ ကောင်းပါမည်၊ မြတ်စွာဘုရားထံ လျှောက်ထားစီမံ ပေးပါမည့်အကြောင်း' နှင့် လျှောက်ထား၏။

ထိုအခါ အရှင်အာနန္ဒာက 'မြတ်စွာဘုရား၊ပူဇော်ရာဖြစ်သော စေတီတို့သည် အဘယ်မျှရှိကြပါသနည်း' ဟု မေးလျှောက်၏။ 'အာနန္ဒာ၊ သုံးမျိုးရှိသည်' ဟု မိန့်တော်မူရာ 'အဘယ် သုံးမျိုးတို့ပါနည်း' ဟု လျှောက်ပြန်၏။ သာရီရိက စေတီ၊ ပရိဘောဂိယ စေတီ၊ ဥဒ္ဒိဿက စေတီတို့ ဖြစ်ကြောင်း' မိန့်တော်မူ၏။

သာရီရိက စေတီ

'အရှင်ဘုရား၊ အရှင်ဘုရား ထင်ရှားရှိစဉ် အခါမှာပင်လျှင် ထိုစေတီ သုံးမျိုးတို့ကို ပူဇော်ခြင်းငှာ တတ်ကောင်းပါသလော' ဟု မေးလျှောက်၏။ 'အာနန္ဒာ၊ သာရီရိက စေတီကိုပူဇော်ခြင်းငှာ မတတ်ကောင်း၊ ထိုစေတီကို ဘုရားများ ပရိနိဗ္ဗာန် စံတော်မူပြီးသော အခါမှသာလျှင် ပူဇော်ခြင်းငှာ တတ်ကောင်း၏။

www.dhammaransi.com



### မှုကွဲများ ရှိနေသည့်တွင်

သာရိရိက စေတီ ဟူသည် သရီရဟု ဆိုအပ်သော ကိုယ်တော်မှဖြစ်သော သွား၊ အရိုးစသော အစိပ်အပိုင်း ဓာတ်တော်တို့ပင်တည်း။ သို့ဖြစ်၍ထိုသာရီရိက စေတီကို ဓာတုစေတီ ဟူ၍လည်း ခေါ်၏၊ ဤသာရိရိက စေတီ အရာမှာ သီဟိုဠ်မူ၊ ထိုင်းမူတို့နှင့် မြန်မာမူများ ကွဲပြား ခြင်းမရှိ၊ ဥဒ္ဒိဿကစေတီ အရာမှာသာ ကွဲပြားကြ၏၊ သီဟိုဠ်မူ၊ ထိုင်းမူတို့မှာ ဥဒ္ဒိဿကံ အဝတ္ထုကံ မနမတ္တ မေဝ ဟောတိ။ ။ဟူ၍ ရှိသည်၊ ဥဒ္ဒိဿကစေတီဟူသည် အထည်ဝတ္ထုမရှိ၊ စိတ်ချည်စူးခြင်း မျှသာ ဖြစ်သည်ဟု ဆိုလို၏။

မြန်မာမူတို့၌ကား....

ဥဒ္ဒိဿကံ ပရိဘောဂိကဥ္စ သက္ကာ ဟောတိ– ဟူ၍ ရှိ၏။ ဥဒ္ဒိဿကစေတီနှင့် ပရိဘောဂိယစေတီကို ပူလုပ် ခြင်းငှာ တတ်ကောင်း၏ဟု ဆိုလို၏။ ပရိဘောဂစေတီ အရာမှာကား-မူကွဲပြားခြင်း မရှိဘဲ....

ဗုဒ္ဓဟိ ပရိဘုတ္တော မဟာဗောဓိ ရုက္ခော ဗုဒ္ဓသု ဓရန္တေသုပိ စေတိယမေဝ။

အဓိပ္ပာယ်မှာ–မြတ်စွာဘုရားများ အသုံးပြုအပ်သော မဟာ ဗောဓိပင်သည် မြတ်စွာဘုရားများ ထင်ရှား ရှိတော်မူကြစဉ် အခါမှာပင် စေတီ ဖြစ်သည်သာ လျှင် တည်းဟု ဆိုလိုသည်။

www.dhammaransi.com



ဉဒ္ဒိဿက စေတီအရာ၌ သီဟိုဠ်မှု၊ ထိုင်းမှု တို့နှင့် မြန်မာမှု ကွဲပြားကြရာမှာ အဘယ်မှုက သာ၍ ကောင်းသည်ကို စဉ်းစားဆင်ခြင်သော် ရုတ်တရက် ဆိုလျှင် သီဟိုဠ်မှုနှင့် ထိုင်းမှုတို့ကို အပြစ်တင်ကြ ပေလိမ့်မည်၊ အဘယ်ကြောင့် ဆိုသော် ဉဒ္ဒိဿက စေတီမှာ ရုပ်ပွား တော်ကြီးတွေ အထင်အရှားရှိသင့်၊ ရှိနိုင်ပါလျက် အထည် ဝတ္ထုမရှိ - စိတ်ရည်စူးခြင်းမျှသာ ဖြစ်သည်ဟု ဆိုထား သော စကား ပါရှိသောကြောင့် ဖြစ်၏။ ဤစကားအရ ရုပ်ပွားတော်များကို မလုပ်ကောင်းဘူး လိုလို သီဟိုဠ်မှု၊ ထိုင်းမှုတို့က ပြဆိုသည်ဟု ထင်မြင်တတ်ကြသည်။

စိတ်သာအရင်းခံ

စင်စစ်မှာ ဤသို့ ထင်မြင်ကြသည့်အတိုင်း မဟုတ်ပါ အရှင်အာနန္ဒာက စေတီသုံးမျိုးလုံးကိုပင် 'အရှင်ဘုရား ထင်ရှားရှိစဉ်အခါ ပြုလုပ်နိုင်ပါသလော' ဟူသောအမေး ကို ဖြေတော်မူရာတွင် သာရီရိက စေတီမှာ ပြုလုပ်၍ မဖြစ်နိုင်၊ ဉဒ္ဒိဿက စေတီမှာလည်း ငါထင်ရှားရှိစဉ် ပြုလုပ်ရန်မလို၊ ငါကိုယ်တော်ပင် ထင်ရှားရှိနေ၍ ငါ့ကို အာရုံမထားဘဲ ရုပ်ပွား, ရုပ်ဘုတို့၌ ဂရုစိုက်နေရန်မလို၊ ငါဘုရားကိုသာ စိတ်ရည်မှန်းခြင်း အားဖြင့် ဉဒ္ဒိဿက စေတီ ဖြစ်သည်' ဟု ဆိုလိုသည်၊ ရုပ်တု, ရုပ်ပွား အလျှင်း မလုပ်ကောင်း ဟူ၍ မဆိုလို၊ ကိုယ်တော်တိုင် ထင်ရှား မရှိသောအခါ ကိုယ်တော်၏ကိုယ်စား ရုပ်ပွား, ရုပ်တု လုပ်သင့်သည်သာဖြစ်၏။ လုပ်သည့်တိုင်အောင် မြတ်စွာ

ဘုရားကို ရည်မှန်းသော စိတ်ထား ရှိမှသာ ဥဒ္ဒိဿက စေတီ ဖြစ်မည်၊ မြတ်စွာဘုရားကို ရည်မှန်းခြင်း မရှိပါက ဥဒ္ဒိဿက စေတီ ဖြစ်လိမ့်မည် မဟုတ်၊ ရုပ်တု, ရုပ်ပွား မျှသာ ဖြစ်၍နေလိမ့်မည်၊ သို့မဟုတ် အရုပ်မျှသာ ဖြစ်၍ နေပေလိမ့်မည်။ ဤ အကျိုးအကြောင်းတို့ကို ကောင်းစွာ ထောက်ထားပါက ဥဒ္ဒိဿက စေတီအရာမှာ ရည်မှန်းသော စိတ်သာ အရင်းခံ ဖြစ်ကြောင်း သိသာပါ၏။

ပါဠိ, ဋီတို့၌ မလာ

ဤသီဟိုဠ်မှုနှင့် ထိုင်းမှုတို့အလို အဓိပ္ပာယ် အတိုချုပ် ဖြန့်ပြောရလျှင်—

ဘုရားထင်ရှား ရှိတော်မူစဉ်အခါမှာ သာရီရိကစေတီ၊ သို့မဟုတ် ဓာတုစေတီကို ပြုလုပ်ခြင်းငှာမတတ်ကောင်း၊ ဥဒ္ဒိဿက စေတီမှာလည်း အထူးတည်နေဖွယ်မလို။ ပရိဘောဂိယစေတီသာလျှင် ထင်ရှားတည်ရှိ နေသည် ဟု ဆိုလို၏။ ဥဒ္ဒိဿကစေတီ အထူး တည်နေဖွယ် မလိုသောကြောင့် ပင် မြတ်စွာဘုရား လက်ထက် တော် အခါ ဥဒ္ဒိဿက စေတီကို မည်သူ တည်ထားဖူးကြောင်း နှင့် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှာ မလာ။

ဇင်းမယ် ပဏ္ဏာသ၌ကား

ဇင်းမယ်ပဏ္ဏာသ ကျမ်း၌သာ ကောသလ မင်းကြီးသည် စန္ဒကူးသားကို ရုပ်ပွား, ဆင်းတု ပြုလုပ်ကိုးကွယ်ဖူးကြောင်း ပြဆို၏။ မုခိုင် ရာဇဝင်၌လည်း စန္ဒသူရိယ

www.dhammaransi.com



မင်းကြီး လက်ထက် မြတ်စွာဘုရား ဒေသစာရီ ကြွချီလာရောက်ဟောပြောမူစဉ် အခါ မဟာမုနိ ရုပ်ပွားတော်ကို သွန်းလုပ်တော်မူကြောင်းနှင့် ပြဆို၏။

မြန်မာတို့ အဆို

မြန်မာမှု အလိုအားဖြင့်ကား၊ ဘုရား ထင်ရှား ရှိစဉ်အခါမှာပင် ဥဒ္ဒိဿက စေတီနှင့် ပရိဘောဂိယစေတီကို ပူဇော်ခြင်းငှာတတ်ကောင်းသည်ဟု အဓိပ္ပာယ်ရ၏။ ဤသို့ ဥဒ္ဒိဿက စေတီနှင့် ပရိဘောဂိယစေတီ နှစ်မျိုး တို့ကို ပူးတွဲ ပြဆိုပြီးနောက် ပရိဘောဂိယ စေတီကို သီးခြား တစ်ဖန်ထုတ်၍ ဆက်လက် ပြောဆိုရန် မလို။

မုဒ္ဒေတိ ပရိဘုတ္တော စသည်ဖြင့် ဆက် လက် ပြောဆို၍ကား ထားပြန်၏။ ပရိဘောဂိယ စေတီ အတွက် စကား ထပ်၍နေသည်၊ ဤမျှသာမက ပရိဘောဂိယစေတီ ဟူသည် ဗောဓိပင် စသည် ဖြစ်၍ အလို အလျောက် ပင် စေတီဖြစ်၍ နေ၏။ လူတို့က ပူဇော် ယူရသော အရာ မဟုတ်၊ သို့ဖြစ်၍ ပရိဘောဂိယစေတီကို ပူဇော်နိုင်သည် ဟူ၍ပင် မပြောဆိုက်ချေ။ (ဤမြန်မာမှုအရ ရှင်းလင်း၍ ပြချက်မှာ ပါဠိသွား သဘောကို ပြောဆို ပြသရခြင်း ဖြစ်၍ နားအနည်းငယ် ရှုပ်ထွေးချင် ရှုပ်ထွေးကြ ပေလိမ့်မည်၊ မရှုပ်ထွေးရအောင် ကြိုးစားပါ။)

ပရိဘောဂိယနှင့် ပရိဘောဂ

ပရိဘောဂိယ စေတီကို ပရိဘောဂစေတီ ဟူ၍လည်း ခေါ်၏။ ဗောဓိညောင်ပင်သာ မဟုတ်၊ မြတ်စွာဘုရား

www.dhammaransi.com



များ၏ အသုံးအဆောင် ဖြစ်သော သပိတ်, သင်္ကန်း, တောင်ဝှေး စသည်တို့လည်း ပရိဘောဂ စေတီပင် ဖြစ်သည်။ ဤပြဆိုခဲ့ပြီးသော စေတီသုံးမျိုးကို ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ၌သာ ညွှန်ကြား ပြဆိုတော်မူသည်မဟုတ်၊ ခုဒ္ဒကပါဌ အဋ္ဌကထာ နိဓိကဏ္ဍသုတ်၊ ဓမ္မပဒ အဋ္ဌကထာ ဗုဒ္ဓဝဂ်တို့၌လည်း ပြဆိုလျက် ပင်ရှိသည်။ စကား အသုံးအနှုန်းမျှသာ ကွာခြားကြ၏။ ကွာခြားပုံမှာ သာရီရိက စေတီကို ဓာတုစေတီဟု ခေါ်၏။ ဥဒ္ဒိဿက စေတီအရာမှာ- ဗုဒ္ဓပဋိမာဥဒ္ဒိဿက စေတီယံ-ဟူ၍ ဆင်းတု, ရုပ်ပွားကို ဥဒ္ဒိဿက စေတီခေါ်ကြောင်း တိုက်ရိုက်ပြဆို၏။ ဤသို့ ပြဆိုခြင်းမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်သည့်နောက် ကိုယ်တော်တိုင်ထင်ရှား မရှိ၍ ကိုယ်တော်စား ပြုအပ်သော ရုပ်ပွား, ဆင်းတုကို ပြဆိုသည်ဟုယူလျှင် အဋ္ဌကထာများ ညီညွတ်သွားမည်ပင် ဖြစ်ပေ၏။ တစ်နည်းအားဖြင့် ခုဒ္ဒကပါဌနှင့် ဓမ္မပဒအဋ္ဌကထာတို့ ပြဆိုချက်မှာ ဥဒ္ဒိဿက စေတီသရုပ်ကို ပေါ်လွင်အောင် ဖော်ထုတ် ပြခြင်းမျှသာဖြစ်၏၊ ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ မှာကား- ဥဒ္ဒိဿကစေတီ၏သရုပ် ပေါ်လွင်အောင် ဖော်ထုတ်ရုံကို အရင်းခံမထား၊ မြတ်စွာဘုရား ထင်ရှားရှိတော် မူစဉ်အတွင်းမှာ ထိုဥဒ္ဒိဿကစေတီကို ပြုလုပ်နိုင်, မပြုလုပ်နိုင်၊ ပြုလုပ်သင့်, မပြုလုပ်သင့် သဘောကို အရှင်အာနန္ဒာ၏ အမေးအရ ဖြေဆိုပြောပြခြင်းက အရင်းခံဖြစ်၏။ ဤသို့

www.dhammaransi.com



ဖော်ပြရာမှာ ရည်ရွယ်ချက် ကွာသည့်အတွက် စကား အသုံးအနှုန်း ကွာသော်လည်း ဆန့်ကျင်ခြင်းမရှိကြောင်း ကို ကောင်းစွာ သိရ၏။

ဓမ္မစေတီ

ပါရာဇိကကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်း အဖွင့်ဖြစ် သော သာရတ္ထဒီပနီ ဋီကာ၌ကား—'ပရိဘောဂ စေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီဟူ၍ သုံးမျိုးရှိကြောင်း ပြောဆို ကြသည်။ ထိုသုံးမျိုးတို့တွင် မြတ်စွာဘုရား အသုံး အဆောင် ပစ္စည်းတို့ကို ဌာပနာသွင်း၍ ပြုလုပ်အပ်သော စေတီသည် ပရိဘောဂစေတီ မည်၏။ ဓာတ်တော်တို့ကို ဌာပနာသွင်း၍ ပြုလုပ်အပ်သောစေတီသည် ဓာတုစေတီ မည်၏။ ပဋိစ္စသမုပ္ပါဒ်ဘုရားတော် စသည်ကို ရေးသား ထားသည့် ပေရွက်, စက္ကူ စသည်တို့ကို ဌာပနာသွင်း၍ ပြုလုပ်အပ်သော စေတီသည် ဓမ္မစေတီ မည်၏'—ဟု ပြဆိုသည်။

ဤသာရတ္ထဒီပနီ ဋီကာ အဆိုမှာ ဓမ္မစေတီ တစ်ပါး ပိုလာ၏။ ရှေးအဋ္ဌကထာများ ပြသည့် စေတီသုံးပါးနှင့် ပေါင်းလိုက်လျှင် စေတီလေးပါး ရှိသည်ဟု ပြောဆို နိုင်၏။ အဋ္ဌကထာ, ဋီကာ တို့မှာ ကား စေတီလေးပါး ဟူ၍ တစ်ပေါင်းတည်း မပြဆိုကြ၊ ဤသာရတ္ထ ဒီပနီ ဋီကာ ဆရာ့စကားမှာ စဉ်းစား ဝေဖန်ဖွယ်ရာ အချက် တွေ့ ပေါ်လာ၏။

ပေါ်ပုံကား— မြတ်စွာဘုရား အသုံးအဆောင် ဖြစ် သော ပစ္စည်းတို့ကို ဌာပနာသွင်း၍ ပြုလုပ် အပ်သော

www.dhammaransi.com



စေတီသည် ပရိဘောဂစေတီ မည်၏ဟု ပြဆိုထားရာ ဌာပနာ မသွင်းဘဲ လွတ်လပ်စွာ တည်ရှိသော သပိတ်၊ သင်္ကန်း၊ တောင်ဝှေးတော် စသည်မှာ ပရိဘောဂစေတီ မဟုတ်ဟု ဆိုရမလိုလို ဖြစ်နေ၏။ သို့ရာတွင် ပြဆိုခဲ့ပြီးသော အဋ္ဌကထာ များက မြတ်စွာဘုရား သုံးဆောင်တော်မူရာ ဖြစ်သော ဗောဓိပင်သည် ပရိဘောဂ စေတီ မည်၏ဟု ပြဆိုထားချက် ရှိလေပြီ။ ဗောဓိပင် ဟူသည် ဌာပနာ သွင်းပေးရသော အရာမျိုးပင် မဟုတ်ချေ။ သို့ဖြစ်၍ ဘုရား အသုံးအဆောင် ပစ္စည်း မှန်လျှင် သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် မွမ်းမံကာ ဌာပနာသွင်းသည် ဖြစ်စေ၊ မသွင်းသည် ဖြစ်စေ ပရိဘောဂ စေတီ အစစ်ဖြစ်၏။ ပရိဘောဂ စေတီဟူသည် မြတ်စွာဘုရား အသုံးအဆောင်တော် တို့၏ အမည်ရင်းသာ၊ သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့၏ အမည်ရင်း မဟုတ်ဟု မှတ်ယူအပ်၏။

ဤနည်းအတူ ဓာတုစေတီ ဟူသည် ဌာပနာ သွင်းသည် ဖြစ်စေ၊ မသွင်းသည် ဖြစ်စေ ဓာတ်တော် တို့၏ အမည်ရင်းသာ ဖြစ်၏။ သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေ တို့၏ အမည်ရင်းမဟုတ်၊ ဓမ္မစေတီဟူသော အမည်သည် လည်း မြတ်စွာဘုရားဟော ဓမ္မက္ခန္ဓာ တရားတော် တို့၏ အမည်သာ ဖြစ်သည်၊ သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေ တို့၏ အမည်မဟုတ်သည်ကို သတိပြုပါ။

www.dhammaransi.com



## အထည်ဝတ္ထု ပုံပန်းကိုမပြ

တစ်နည်းအားဖြင့် စဉ်းစားသော်—ပါဠိလို စေတီယ၊ မြန်မာလို စေတီဟူသည် ပူဇော်အပ်သော အရာဌာနတို့၏ အမည် ဖြစ်၏။ မည်သည့် အရာကိုမဆို လူအများ တို့ ပူဇော်မှုပြုကြလျှင် စေတီယ၊ သို့မဟုတ် စေတီဟုခေါ်မြဲ ထုံးစံကြီးဖြစ်၏။ သစ်ပင်ကို ပူဇော်ကြလျှင် စေတီယရုက္ခ၊ သို့မဟုတ် စေတီပင်ဟု ခေါ်မြဲထုံးစံကြီးဖြစ်၏၊ တောကို ပူဇော်လျှင် စေတီတော၊ တောင်ကို ပူဇော်လျှင် စေတီ တောင်ဟု ခေါ်ကြသည်။ မြတ်စွာဘုရား၏ ခြေတော်ရာ ကိုပင် ပူဇော်ရာဖြစ်သောကြောင့် ပါဒစေတီတော် ခေါ် ၏။ သာရတ္ထဒီပနီဋီကာ ဆရာကြီးများလက်ထက်လောက် က စ၍ ယခုကာလတိုင်အောင် စေတီဟု ဆိုလျှင် သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် မွမ်းမံပြုလုပ်ထားသော အဖျားချွန်သည့် အရာဝတ္ထုကြီး ဟူ၍ လူအများသိမြင် ထင်မှတ်နေကြသည့်အတိုင်း စေတီယ၊ သို့မဟုတ် စေတီ ဟူသော စကားက အထည်ဝတ္ထု ပုံပန်းကို ဖော်ပြခြင်း အလျှင်းမရှိပါ။ ပူဇော်မှုပြုရာဟူသော အနက်သဘောကို သာ ဖော်ပြပါသည်။ မုန့်ညှင်းစေ့ ခန့်မျှလောက် ရှိသော ဓာတ်တော်ကလေးသည်-ဓာတုစေတီတော်ကြီးထက်မြင့် သော ဗောဓိပင်ကြီးသည် ပရိဘောဂစေတီ ဟူ၍ ပုံပန်း သဏ္ဍာန်ချင်း မညီမျှပင် ကွဲပြားနေကြစေကာမူ စေတီ ချည်းပင် ဖြစ်ကြသည်။

www.dhammaransi.com



ပုထိုးဟူသော ဝေါဟာရ

ထူပဟူသောပါဠိကို ရှေးဆရာကြီးများက ပုထိုးဟူ၍ မြန်မာပြန်ဆိုခဲ့ကြ၏၊ ဤပုထိုးမှာ ပေါရာဏခေါ် ရှေးမြန်မာစကားဟောင်း ဖြစ်သည်ဟူ၍သာ ဆိုဖွယ်ရှိတော့၏။ ယခုဒဝါဟာရ မြန်မာစကားအားဖြင့် အဓိပ္ပာယ်တစ်စုံတစ်ရာ မပေါ်ချေ။ ပဥ္စမ သင်္ဂါယနာတင် မင်းတရားကြီး လက်ထက် မြစ်ကွေးမြို့စား ဝန်ထောက်မင်း၊ မင်းကြီး မဟာမင်းလှစည်သူ ရေးသားခဲ့သော သတ်ထူးကဗျာခေါ် စာစောင်မှာ ကား။ ။ဘုရား ဗုဒ္ဓိုး၊ ကျောက်စာထိုး၊ ပုထိုး ခုခေါ်မြွက်။ ။ဟူ၍ ဖော်ပြထားခဲ့၏၊ အဓိပ္ပာယ်မှာ ဘုရားဖြစ်၍ ဗုဒ္ဓဟုဆိုလိုလျက် အသံ ပြောင်းလဲကာ ဗုဒ္ဓိုးဟူ၍ ကျောက်စာ များ မှာ ရေး သား ထိုးမှတ် ခဲ့ကြသည်။ ထိုးမှတ် သည့် အတိုင်း ဗုဒ္ဓိုးဟု ခေါ်လာကြရာမှာ ကာလ ရှည်လျား သဖြင့် စကား တိမ်းယိမ်းကာ ပုထိုး ဟူ၍ ခုကာလ မြွက် ဆိုခေါ်ဝေါ်နေကြသည်ဟု ဆိုလို၏။ ဤသတ်ထူး ကဗျာဆရာ့အလိုကို ကျောက်စာဘက်က လည်းကောင်း၊ ပါဠိဘက်က လည်းကောင်း မနှစ်သက်ကြ၊ ကျောက်စာဘက်ဆိုင်ရာ ဆရာများက မည်သည့် ကျောက်စာမှာမှ ဗုဒ္ဓိုးဟူသောစကား ထိုးမှတ်ထားခြင်း မရှိဟု ငြင်းပယ်ကြသည်။ ပါဠိဘက်ဆိုင်ရာ ဆရာများကလည်း သက်တော်ထင်ရှား မြတ်စွာဘုရားကိုသာ ဗုဒ္ဓဟုခေါ်သည်၊ စေတီတော်ကို ဗုဒ္ဓမခေါ်ကောင်းဟုငြင်းပယ်ကြ၏၊ ငြင်းပယ်

www.dhammaransi.com



ထိုက်သည် ဟူ၍လည်း ကျွန်ုပ်တို့ထင်မြင်၏။ အချို့ဆရာ များကလည်း ပါဠိကို မြန်မာပြန်ရာမှာ ရှေးဆရာများ သည် ပါဠိကိုပင် သင့်သလိုပြုပြင်ပြောင်းလဲကာ မြန်မာ စကားအဖြစ်ဖြင့် သုံးစွဲ ပြန်ဆိုတတ်ကြ၏။

ထူပ-ပထူ-ပထိုး

ဤနေရာမှာ ထူပဟူသောစကားနှစ်လုံးကို ရှေ့နောက် လှဲ့ကာ ပထူဟု ပြန်ဆိုခဲ့ရာမှ ကာလ ကြာမြင့် သဖြင့် ပုထိုးဖြစ်လာသည်ဟု ပြောဆိုကြ၏။ အချို့ ဆရာများ ကလည်း ထူပကို ပထူဟု ပြုလုပ်ရန် ခဲယဉ်းသည်၊ ပုထု ဟူသော ပါဠိစကားကိုယူကာ ပုထိုးဟူသော မြန်မာပြန် စကားကို ထွင်ခဲ့၏။ ပုထုဟူသောပါဠိက ကြီးကျယ်ခြင်း အနက်ကို ဟော၏၊ စေတီပင်ဖြစ်သော်လည်း ကြီးကျယ် သော စေတီကို ပုထုစေတီဟူ၍ ခေါ်သည်။ ပုထုစေတီ ခေါ်ရာမှ ပုထိုးစေတီ ဟူသော စကားဖြစ်လာသည် ဟု ပြောဆိုကြပြန်၏။

ဤဆရာ့အလိုမှာ ကြီးသောစေတီကိုမှ ပါဠိလို ထူပ၊ မြန်မာလို ပုထိုးခေါ်သည်ဟုဆိုလိုသည်။ အသီးသီး ဉာဏ် ကစားကြခြင်း မျှသာ ဖြစ်တော့၏၊ ထူပဟူသောပါဠိ၏ အဓိပ္ပါယ်ရင်းမှာကား — မြင့်ချွန်တက်ခြင်းသာ ဖြစ်၏။ ဝိနည်း ကျမ်း ဂန် ဆိုင်ရာ သေခိယ သိက္ခာပုဒ် များ မှာ ဆွမ်းစားသည့်အခါတွင် ဆွမ်းခွက်တွင်ချွန်တက်နေသော ဆွမ်းဦး ဆွမ်းထိပ်မှ ဖိနှိပ်၍ မစားရ ဟူသော ပညတ် ချက်၌ ထူပကတော ဩမဒ္ဒိတွာ—ဟူ၍ ဟောတော်မူ၏။

www.dhammaransi.com



ထူပကကောကို—ရှေးဆရာများက ဆွမ်းဦး ဆွမ်းထိပ်မှဟု မြန်မာပြန်ကြ၏၊ဆွမ်းဦး ဆွမ်းထိပ်ဟူသည် မြဲခဲ့ပြီးသော အတိုင်း ဆွမ်းခွက် အလယ်တွင် ဆွမ်းချွန်တက်နေသော အရာပင် ဖြစ်၏။

ချွန်တက်နေသောအရာ

ဤသို့ ချွန်တက်နေသော အရာကို ပါဠိတော်မှာပင် ထူပကဟု ဟောပြသည့်အတိုင်း မြန်မာ ပျို့ကဗျာလင်္ကာ ဆိုင်ရာ မှာလည်း ရှင်မဟာ ရဋ္ဌသာရ ၏ ဘူရိဒတ် ဇာတ်ပေါင်းပျို့တွင်—'တပေါင်းမာသ၊ လပြည့်ဝဍ်၊ စန္ဒ သူရိယာ၊ ရောင်ဝါထွန်းလစ်၊ အသစ်စက်စက်၊ ထွက်လတ်သနေ့၊ အရှေ့နှုံးဆော်၊ ညီစေခေါ်သို့၊ ရေပေါ် ဆွဆွ၊ ပုဗ္ဗဥတို့၊ ထူပထူပါ၊ စုန့်တက်ရာကား၊ သေလာ ပဗ္ဗတာ။ ။ဟူ၍ ကမ္ဘာဦး အခါ၊ ရေချက်နှာပြင် မှ စုန့်၍စုန့်၍ တက်သော အရာစုကို ထူပ ထူပါဟု သုံးနှုန်းခဲ့၏။ ဘကြီးတော်ဘုရား လက်ထက်တွင် ထင်ပေါ်သော ကဗျာဆရာ ဦးကြင်ဥ ကလည်း သူရေးသည့် ပဒေသာ သီချင်းတွင်— ထူပါယ် ထူပ၊ ကျောက်ဂူဝ မှာ၊ ဟူဋ္ဌ ကျောက်သဲ၊ ကျောက်သလွဲနှင့်။ ။ဟူ၍ ဂူဝ ထိပ်မှာ အထွတ် အထွတ် တက်နေသော ကျောက်ချွန် တို့ကို ထူပါယ် ထူပဟု စပ်ဆိုခဲ့သည်။

စပါးပုံ၊ ကောက်ရိုးပုံများကဲ့သို့

သိဟိုဠ်ကျွန်းသို့ အရှင်မဟာမဟိန္ဒထေရ် ကြွရောက်၍ ထာသနာပြုသဖြင့် သာသနာတော်ထွန်းကားလာသော

www.dhammaransi.com



အခါ သီဟိုဠ် ဘုရင် ဒေဝါနံပိယတိဿ မင်းကြီးက ထူပကို တည်ထားရာမှာ ဘယ် ပုံပန်းမျိုး တည်ထားရပါမည်နည်းဟု လျှောက်ထားသော အခါ ဝိဟိရာသိနှင့် အတူ တည်ထားရမည်ဟု အရှင်မဟာမဟိန္ဒ ထေရ်က ဟောကြောင်းကို ပါရာဇိကကဏ် အဋ္ဌကထာ၌လာရှိသည်။ ဤဝိဟိရာသိဟူသော စကားတွင် ရာသိဟူသော နောက်စကား၏ အဓိပ္ပာယ်မှာ အစုအပုံ ဖြစ်၏၊ ဝိဟိ ဟူသော ရှေးစကားမှာကား ကောက်စပါးဟူ၍ လည်းကောင်း၊ စပါးပင် ဟူ၍ လည်းကောင်း အနက်နှစ်မျိုး ထွက်၏။ ပဌမ အနက်အလို ထူပကို တည်လျှင် စပါးပုံနှင့် တူအောင် တည်ရမည်၊ ဒုတိယ အနက်အလို ကောက်ရိုးပုံနှင့် တူအောင် တည်ရမည်ဟု ဆိုလို၏။ စပါးပုံ ဖြစ်ဖြစ်၊ ကောက်ရိုးပုံ ဖြစ်ဖြစ် အထက်သို့ မြင့်တက်မို့မောက်သော အရာချည်းသာဖြစ်၏။ သို့ဖြစ်၍ ပဂိုဠ်လိုထူပ၊ မြန်မာလို ပုထိုးဟု ဆိုလိုက်လျှင် အထက်သို့ မြင့်တက်သော အရာ ဟူ၍ သိမြင်ကြ၏၊ သိမြင်သည့် အတိုင်းလည်း အနက် သဘော မှန်၏။

မုထိုးနှင့်စေတီ ထူး,မထူး

ဤပုထိုးသည်လည်း ပူဇော်အပ်သော အရာပင်ဖြစ်၍ စေတိယဟူသော အမည်ကို ရနိုင်၏။ စေတိယ ဟူသော အမည်မှာ ပြခဲ့ပြီးသော အတိုင်းပင် ပုံပန်းသဏ္ဌာန်ဖြင့် မှတ်သားရခြင်း မရှိဘဲ ပူဇော်ခြင်း သဘော ဖြင့် သာ မှတ်သားရ ပေသည်။ ဤပုထိုးသို့ ရောက်သော အခါ

www.dhammaransi.com



စေတီနှင့် ပုထိုးနှစ်မျိုး အခေါ်အဝေါ် ရောနှောသည်၊ သဘောအခြေခံမှာ ကွာခြားလျက်ရှိ၏။ ပုထိုးမှာ စပါးပုံ၊ ကောက်ရိုး မုံ့ နှင့် တူအောင် လူများက သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် ကြံဆောင်ပြုလုပ်ထားသော အရာဝတ္ထုသာ ဖြစ်၏၊ စေတီမှာကား သဘာဝအရင်းခံ အားဖြင့် စေတ္တီဖြစ်၍မနေ၏၊ လူတို့ ပြုလုပ်ပေးခြင်း နှင့် မဆိုင်။ သို့သော် ပုထိုးကိုပင် စေတီဟု ခေါ်နိုင်ခြင်းကို အစွဲပြုကာ စေတီကိုလည်း အထက်သို့ ချွန်တက်သော အထည်ဝတ္ထု ဟူ၍ လူတို့၏စိတ်မှာ ထင်မြင်လာကြ၏။ သို့ထင်မြင်သည့်အတွက် စေတီနှင့်ပုထိုး မည်သို့ ထူးခြား ပါသနည်း ဟူသော ပြဿနာပင် လောကမှာ ပေါ်ပေါက်လာ၏။ ပင်းယမြို့ မြန်မာ သက္ကရာဇ် ခုနစ်ရာ ကျော်တွင် လေးစီးရှင် ကျော်စွာမင်း လက်ထက် ထင်ပေါ် ကျော်စောလှသော စတုရင်္ဂဗလ အမတ်ကြီးသည် မိမိ ရေးသားအပ်သော အဘိဓာန် ဋီကာကျမ်း တွင် မုခ်ထွက်မပါသော အရာကို စေတီခေါ်၍ မုခ်ထွက် ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ ထူပဟု ခေါ်သည်။ သို့မဟုတ် ပုထိုးခေါ်သည်ဟု ရေးသားထား၏။

ဤဋီကာစကား၏ ဆိုလိုရင်းမှာ အထက်သို့ ချွန်တက်သော အထည်ဝတ္ထု ဟူသမျှကို မုခ်ထွက်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ ထူပ ခေါ်ရမည်၊ စေတီယ မှာကား မုခ်ထွက်မပါမှသာ ခေါ်ရမည်ဟု အဓိပ္ပာယ်

www.dhammaransi.com



ရ၏။ ဤအလို စေတီဟူသည်လည်း အထက်သို့ချွန်တက်သော အရာဝတ္ထု မျှသာ ဖြစ်၍နေ၏။ စင်စစ်မှာ အထက်သို့ ချွန်တက်မည် ဝေးစွ၊ မြေပြင်မှာ ဖြစ်စေ၊ ကျောက်သားအပြင်မှာ ဖြစ်စေ ချိုင့်၍ နိမ့်၍ ထင်နေသော စက်တော်ရာကိုပင် ပါဒစေတီဟုခေါ်သည်။ ဤအဘိဓာန်ဋီကာ ဆရာကြီးသာ စေတီကိုလည်း အထက်သို့ ချွန်တက်သော အရာဝတ္ထု ဖြစ်သည်ဟူ၍ ပုထိုးသဘောနှင့် ရောနှော ဖွင့်ဆိုသည်မဟုတ်၊ ပြခဲ့ပြီးသော ဝိနည်း သာရတ္ထ ဒီပနီ ဋီကာဆရာကြီးလည်း စေတီကို ပုထိုးသဘော ရောနှောဖွင့်ဆိုတော်မူ၏။ ဖွင့်ဆိုပုံကား- အထက်သို့ မြင့်တက်လာအောင် သဲ၊ အုတ်၊ ကျောက်၊ အင်္ဂတေတို့ဖြင့် ထပ်ဆင့်စီစဉ်၍ ပြုလုပ်ရခြင်းသည် ထူပသဘော ပုထိုးသဘော ဖြစ်၏။ မြတ်စွာဘုရား အသုံးအဆောင်များကို အတွင်းကဌာပနာ၍ မြင့်တက်အောင် ပြုလုပ်လိုက်လျှင် ပရိဘောဂ-ပုထိုးသာ ဖြစ်ရမည်။ ထိုပုထိုးကိုပင် စေတီသဘော ရောနှောကာ ပရိဘောဂစေတီဟု ဖွင့်ဆိုထားခြင်း ဖြစ်၏။

ဓာတ်တော်တို့ကို ဌာပနာသွင်းကာ မြင့်တက်အောင် ပြုလုပ်သော အရာဝတ္ထုဖြစ်လျှင် ဓာတုစေတီခေါ်သည်၊ တရားတော် တွေကို ဌာပနာသွင်းကာ မြင့်တက် လာအောင် ပြုလုပ်သော အရာဝတ္ထုဖြစ်လျှင် ဓမ္မစေတီခေါ်သည်ဟု ဆိုရာမှာလည်း ပုထိုးနှင့်စေတီသဘော ရောနှောကာ ပြဆိုခြင်းသာ ဖြစ်သည်ဟု မှတ်အပ်၏။

www.dhammaransi.com



ဤအရာမှာ ရှေးဦးကာ ဆရာကြီး များပင် စေတီနှင့် ပုထိုး နှစ်မျိုးရောခနော ရေးသားခဲ့သည်ကို ထောက်လျှင် ယခု နောင်လာ နောက်သား များမှာ စေတီ နှင့် ပုထိုး နှစ်မျိုးရောနှော ရှုပ်ထွေး နေရခြင်းသည် အံ့သြဖွယ်ရာ မဟုတ်တော့ပါ။ စေတီနှင့်ပုထိုး ရောနှော ရှုပ်ထွေးခြင်း မရှိရအောင် ယခုပြသော စာတမ်းကို အထပ်ထပ် ဖတ်ရှုကာ သတိပညာကို အသုံးပြုကြစေလိုပါသည်။

ဉာဏ် ရှင်း လင်း သည် ထက် ရှင်းစေရန် ထပ်မံ၍ အကျဉ်းချုပ် ပြလိုသည်မှာ လောက၌ ရတနာ သုံးပါး နှင့် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ လူအများပူဇော်မှု ပြုကြရာ မှန်သမျှကို စေတီဟု ခေါ်သည်။ စေတီပုံပန်း သဏ္ဌာန်ကို မှတ်သား ပြောဆိုနေရန် မလို၊ ပြောဆို၍ လည်း မဖြစ်၊ အဘယ်ကြောင့်ဆိုသော် အရာအမျိုးမျိုး ပါဝင်၍ နေသောကြောင့်တည်း။

ထုပိုဘာမှ ဒုမိကာ

ထူပဟူသည်ကား-ရတနာသုံးပါးနှင့် စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ အထက်သို့ မြင့်မောက် ချွန်တက်သော အရာဝတ္ထုမှန်သမျှ အားလုံးပင် ဖြစ်၏။ သို့ဖြစ်၍ ဆွမ်း ခွက် အလယ်တွင် ဆွမ်းချွန်တက်နေသော အရာကလေး ကို ထူပကဟု ဘုရား ဟောတော်မူကြောင်း ပြခဲ့ပါပြီ။ ယခုတာလ တန်ဆောင်း၊ ပြာသာဒ်များ၏ အထက်သို့

ချွန်တက်သော အရာကို ထုပိကာဟုခေါ်ရာမှာ စကား ရွေ့လျောကာ ဒုပိကာဟု ခေါ်နေကြ၏။

သတိပြုရန် အချက်ကလေး တစ်ခုကား စေတိယဟူ သော စကားနှင့် စေတီ ဟူသော စကား နှစ်ရပ်သည် အဓိပ္ပာယ် တစ်ထပ်တည်း ကျ၏၊ စေတိယ ခေါ်တိုင်း စေတီခေါ်နိုင်သည်။

## စေတီနှင့်ထူပ ထူးပုံ

ထူပဟူသော စကားနှင့် ပုထိုးဟူသော စကားနှစ်ရပ် သည်ကား အဓိပ္ပာယ်တစ်ထပ်တည်းမကျချေ၊ လောက၌ ချွန်တက်သော အရာမှန်လျှင် ရတနာသုံးပါးနှင့်စပ်စပ်၊ မစပ်စပ် ထူပဟူ၍ ခေါ်မည်သာ၊ ထူပခေါ်တိုင်း ပုထိုး ဟူ၍ကား လိုက်၍မခေါ်သင့်ချေ၊ မခေါ်ကြချေ။ ပုထိုး မှာ ရတနာသုံးပါးနှင့်စပ်၍ ချွန်တက်သော အရာဝတ္ထု ကိုသာ ခေါ်တော့သည်။ ရှင်းသည်ထက် ရှင်းအောင် ကျဉ်းသည်ထက် ကျဉ်း၍ ပြောရလျှင် ပုံပန်း သဏ္ဌာန် လုံးသည်ဖြစ်စေ၊ ပြားသည်ဖြစ်စေ ဖြစ်ချင်သလို ဖြစ်နေ ပါစေ အများပူဇော်ရာမှန်က စေတိယဖြစ်၏၊ အများ ပူဇော်သည် ဖြစ်စေ၊ မပူဇော်သည် ဖြစ်စေ မြင့်မောက် ချွန်တက်၍နေသော အရာဌာနမှန်က ထူပချည်းသာ။ ဤကား စေတိယနှင့် ထူပအထူးတည်း။

www.dhammaransi.com



# အခန်း ( ၂ )

## ဘုရားအမှူးရှိသော သံဃာလှူဒါန်းမှု မြောက်ပုံ

ယခုခေတ်ကာလတွင် ဘုရားသခင်သက်တော်ထင်ရှား မရှိတော့ပါဘဲလျက် သံဃိကဒါနတွင် ဗုဒ္ဓပမုခသာတော သံဃိက—ဘုရားအမှူးရှိသော သံဃိကအလှူဒါန ပြုရာဟု ဆိုသည်မှာမှန်ပါသလောဟု မေးဖွယ်ရာရှိပါသည်။

ဘုရားဓာတ်တော်ရှိသော ဆင်းတုတော်မြတ် စံသည်ကို ဘုရားနေရာတွင် ထား၍ ဦးစွာပထမ လှူ၍ ရဟန်းသံဃာများကို လှူလျှင် ဘုရားအမှူးရှိသော နှစ်ဘက်သံဃာအား လှူဒါန်းသည် မည်ပါသည်။

ဘုရားပရိနိဗ္ဗာန်စံသည်မှာနှစ်ပေါင်း(၂၅၀၀)ကျော် ရှိပြီဖြစ်သည်မှာ မှန်သော်လည်း အဋ္ဌကထာဆရာ အဆိုအရ ဘုရား ဓာတ်တော် ရှိသော ဆင်းတုတော်နှင့် ဓာတ်တော် မရှိသော်လည်း စေတီ၊ ရုပ်ပွား၊ ဆင်းတုတော်များကို စိတ်ကရည်ထား၍လှူလျှင် ဗုဒ္ဓပမုခ-ဘုရားအမှူးရှိသော သံဃိကဒါနအလှူ မြောက်သည်ဟုဆိုလိုပါသည်။

စိတ်ကူးဖြင့် ဘုရားကိုလှူခဲ့သော အလောင်းတော် စကြာမင်း၊ မာရ်နတ်ဖန်ဆင်းသော ဘုရားပုံတော်အတုကို ကြည့်၍ ကျွတ်တမ်းဝင်သော ဖွဲ့ဿရဝတမထေရ်ဝတ္ထု

www.dhammaransi.com


များကို ထောက်၍ သက်တော်ထင်ရှား ရှိတော်မူသော ဘုရားစေတီ၊ ရုပ်ပွား၊ ဆင်းတုတော် များ၌ ကြည်ညို သဒ္ဓါ တူမျှပါမှ အကျိုးပေးတူပါသည်။

## စေတီရုပ်ပွား ဘုရားမည်ပုံနှင့်

## စေတီ အမျိုးအစားများ

လူနတ်ဗြဟ္မာ သတ္တဝါတို့ မြတ်နိုး ပူဇော်အပ်သော ကြောင့် စေတီယဟု မည်ပါသည်။

ယင်း စေတီနှင့် ပတ်သက်၍ စေတီ တည်ထိုက်သော အကြောင်းအရာနှင့်ပတ်သက်၍ ကာလိင်္ဂဗောဓိဇာတ်၌-

၁။ ဘုရား၏ သွားတော်၊ စွယ်တော်၊ ဓာတ်တော် စသော ကိုယ်တော်မြတ်ဆိုင်ရာ အစိတ်အပိုင်း များကို-သာရီရိကစေတီ၊

၂။ ဘုရားရှင် အသုံးအဆောင် ပရိက္ခရာ၊ ကျောင်း တော်၊ ဗောဓိပင် စသည်များ- ပရိဘောဂ စေတီ၊

၃။ ကိုယ်စားတော်ဖြစ်သော ရုပ်ပွား ဆင်းတုတော် များကို ဥဒ္ဒိဿစေတီ ဟူ၍ (၃)မျိုး ပြထား ပါသည်။

သာရတ္ထဒီပနီ ဋီကာအလိုအရမူ -

(၁) ပရိဘောဂစေတီ၊

www.dhammaransi.com



(၂) ဓာတုစေတီ(သာရီရိကစေတီနှင့်အဓိပ္ပာယ်တူ)

(၃) ဓမ္မစေတီ (ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်

ဟူ၍ စေတီ(၃)မျိုး ပြပါသည်။

ဥပရိပဏ္ဏာသ ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ၊ နိဒါန ဝဂ္ဂ သံယုတ်အဋ္ဌကထာတို့ အလိုအရမူ —

(၁) ဓာတုစေတီ— ဘုရားရှင်၏ ဓာတ်တော်များ၊ ရဟန္တာများ၏ ဓာတ်တော်များကို ဌာပနာထားသော စေတီ၊

၂။ ဓမ္မစေတီ — ဘုရား ရှင် ဟော ကြား ခဲ့ သော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တရားများ၊

(၃) ဥဒ္ဒိဿကစေတီ — ဘုရားရှင် ကိုယ်စား ရည်စူး တည် ထား သော စေတီ ရုပ်ပွား ဆင်း တု တော်များ၊

(၄) ပရိဘောဂစေတီ — ဘုရားရှင် အသုံးအဆောင် များကို ဌာပနာထားသော စေတီ၊

(၅) ပါဒစေတီ — ဘုရားရှင်၏ခြေတော်ရာစေတီများ ဟူ၍ ငါးမျိုးပြပါသည်။

### စေတီထိုက်သော ပုဂ္ဂိုလ်များ

စေတီတည်ထိုက်သော ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ သုတ်မဟာဝါတွင် —

www.dhammaransi.com



(၁) ဘုရား၊

(၂) ပစ္စေကဗုဒ္ဓါ၊

(၃) အရိယာ တပည့်သံဃာများ — ယင်း သုံး ပါး ဆိုင်ရာ အသုံးအဆောင်များ၊

(၄) လူတို့ ပူဇော် ထိုက်သော စကြာမင်း ဟူ၍ (၄)မျိုး ဖော်ပြထားပါသည်။

သုတ်မဟာဝါ အဋ္ဌကထာ နှင့် ဝိနည်း အဋ္ဌကထာ တို့တွင် —

— သီလ ရှိသော ပုထုဇဉ် ရဟန်း အစ လည်း ကိလေသာကင်းသော ရဟန္တာကဲ့သို့ပင် ပူဇော် ထိုက်သည်။

— ရဟန်းတို့၏အသုံးအဆောင်များသည် သာမဏေ နှင့် လူတို့အတွက် စေတီထိုက်၍ပူဇော်အပ်သည်။

ဤ စကားနှစ်ရပ်ဖြင့် ပုထုဇဉ်သီလဝန္တ ရဟန်းတော် များနှင့် ယင်းတို့၏ အသုံးအဆောင်များ သည် လည်း စေတီထိုက်သည်ဟု မှတ်ယူရပါမည်။

ဘုရား-စေတီ ပူဇော်ရ ကျိုးများ

(က) စကြာမင်းကြီး၏စိတ်ကူး ဘုရားပူဇော်အကျိုး

ဂေါတမဘုရား အလောင်းသည် တစ်ခုသောဘဝဝယ် တိလောက ဝိဇယမည်သော စကြာမင်းကြီး ဖြစ် ခဲ့ ဖူး

www.dhammaransi.com



သည်။ ထိုမင်းကြီးသည် မြင့်မြတ် ဆန်းကြယ် စေတနာ ကြွယ်သော မင်းကြီး ဖြစ်သည်နှင့်အညီ မြောက်မြားစွာ သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သံဃာတော် များ ကို ဘာဏ်၌ ထင်မြင်လာအောင် စိတ်ကူး၍ နှစ်သက်ကြည်ညို ရှိသေစွာ ရှိခိုးပူဇော်သည်။

ထိုနောက် ဧဝဇယာန်၌ နန်းပြာသာဒ်ကြီးကို အထပ် များစွာ ဖန်ဆင်းသည်၊ ထိုအထဲတွင် ပန်းအိုး၊ ရေချိုင့် များနှင့် အခင်းမျိုးစုံကို ခင်းကာ မိမိပင့်ဖိတ်ချက် အရ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သံဃာတော်များ ကြွလာပြီး ရွှေပလ္လင်တော်များဝယ် ထိုင်နေတော်မူပုံများကို အသီး သီး စိတ်ကူးပြီး နောက် တိစီဝရိက် သင်္ကန်းနှင့် တကွ မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာ တို့ကို စိတ်ကူးဖြင့် အားပေါ်တရ လှူဒါန်းလေသည်။

ထိုနောက် မိမိဗိမာန်ကြီး တိုက်ခန်း အသီးသီးဝယ် ကိန်းအောင်းတော်မူနေကြပုံ၊ အချို့က စျာန်ဝင်စား နေကြပုံ၊ အချို့က ပြဿနာများ မေးနေကြ, ဖြေနေ ကြပုံများ၊

— ဗိမာန်ခလေးမျက်နှာတွင် ရေကန်, ဥယျာဉ်တော် နှင့်တကွ ရောင်စုံ မီးတိုင်များ၊ ကခုန်, သီဆို တီးမှုတ် ကြသော ပရိသတ်များ၊ လာရောက် ပူဇော်နေကြသော လူ, နတ်, သိကြား, ဗြဟ္မာ, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗ စသော

www.dhammaransi.com



ပရိသတ်များနှင့် တကွ ထိုပရိသတ်တို့အား မိမိ (စကြာ) မင်းက သူပြုသမျှ ကုသိုလ်များ ကို အမျှပေးဝေနေကြပုံ စသည်ဖြင့် အားပါးတရ စိတ်ကူးဖြင့် ပြည့်စုံစွာ ဖန်ဆင်း ကြည်ညိုတော့ သည်။

— စိတ်ကူးဖြင့် လှူသော ကျောင်း မှုကြောင့်ပင် စကြာမင်းကြီး နတ်ရွာစံ ကံတော်ကုန်သော အခါဝယ် တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်။

ဤစိတ်ကူး ကုသိုလ်ကြောင့် လူ, နတ် ဘဝ တို့၌ ကျင်လည်ရပြီး အခြား လူ, နတ်တို့ထက် သာလွန်သော အဆင်း, ပညာ, ဥစ္စာတို့ကို ရရှိပြီး ပြည့်စုံစွာ ခံစား ရသည်။

(ဗုဒ္ဓအပဒါန်)

## ဖန်ဆင်းပုံတော်ကို အာရုံပြု ကြည်ညိုရသောအကျိုး

တစ်ချိန်တွင် ဖုဿရေဝတမည်သော ရဟန်းတစ်ပါး သည် စေတီရင်ပြင်ကို တံမြက်လှည်း၍ သန့်ရှင်းသော စေတီအပြင်ကို ကြည့်ကာ သက်တော်ထင်ရှား ဘုရားကို အာရုံပြုကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနေလေသည်။

မာရ်နတ် သည် နှောင့်ယှက် လိုသော သဘောဖြင့် မျောက်ညိုကြီးဟန် ဖန်ဆင်း၍ လည်းကောင်း၊ နွားအို

www.dhammaransi.com



ယောင် ဆောင်၍လည်းကောင်း၊ အလှန်အရုပ်ဆိုးသော ယောကျ်ားယောင် ဆောင်၍လည်းကောင်း ဖုဿဒေဝတ ရဟန်းကို (၃)ကြိမ် ကိုယ်ထင်ပြသည်။

'ဤလိုလူမျိုး ဒီနယ်မှာ မမြင်ဖူးဘူး၊ မာရ်နတ် ဖြစ်လေရော့သလား'ဟု စဉ်းစားပြီး မေးရာ မာရ်နတ် က ဟုတ်မှန်ကြောင်း ဝန်ခံသည်။

'မာရ်နတ်ဖြစ်က သင်သည် ဘုရားကိုမြင်သည်၊ ဘုရား ကို ဖန်ဆင်းပြပါ'ဟု မေတ္တာရပ်ခံသည်။

'တကယ်တူအောင် မဖန်ဆင်းပြနိုင်ပါ၊ အတု လောက်သာ ပြနိုင်ပါသည်'ဟု ပြောပြီး ဖန်ဆင်းပြ ပါသည်။

'အတုသော်မှ ဤမျှသပ္ပာယ်လျှင် ကိလေသာအညစ် အကြေးကင်း၍ သန့်ရှင်းသော ဘုရားရှင် အစစ်မှာ အဘယ်မျှ သပ္ပာယ်တော်မူမည်နည်း' ဟု ကြံဆကာ နှစ်သက်သော ပီတိဖြစ်၍ ထိုပီတိကိုပင် ဖြစ်-ပျက်တင်ပြီး ဆင်ခြင် ပွားများသော အခါ မကြာမီ ရဟန္တာ ဖြစ် သွားသည်။

## စေတီ တည်ရကျိုး

လွန်ခဲ့သော ၁၁၈-ကမ္ဘာထက်တွင် အတ္တဒဿီဘုရား လက်ထက်တွင် သောဘနပြည်သား တစ်ဦးသည် စေတီ ကြည်ညို၍ ပူဇော်ခဲ့သောကောင်းမှုကြောင့် အပါယ်မလား

www.dhammaransi.com



ရဘဲ သာဝတ္ထိပြည်တွင် သူဌေးသား ဖြစ်လာပြီး ရဟန်း ပြု၍ ကေုဒါနမထေရ် အမည်ဖြင့် ရဟန္တာဖြစ်ခဲ့သည်။

## ခါတ်တော် ပူဇော်ရကျိုး

ဂိုဘဒ္ဒကမ္ဘာ ကကုသန်ဘုရား လက်ထက်၌ ခေမာ ဝတီ ပြည်သားတစ်ဦးသည် ဘုရားခါတ်တော်ကို စေတီ တည် ကိုးကွယ်သဖြင့် ဂေါတမဘုရား လက်ထက်၌ ကပိလဝတ်ပြည်၌ သာကီဝင်မင်းသားဖြစ်ပြီး ရဟန်းပြု၍ ကိမိလမထေရ် အမည်ဖြင့် ရဟန္တာဖြစ်ခဲ့သည်။

## ပါဒစေတီ ပူဇော်ရကျိုး

လွန်ခဲ့သော ၉၂-ကမ္ဘာ တိဿဘုရားလက်ထက်တွင် ခေမပြည်သားတစ်ဦးသည် ဘုရားခြေတော်အတု ထုလုပ် ပူဇော်ခဲ့သော အကျိုးကြောင့် သာဝတ္ထိ ပြည် ဝယ် ဗြာဟ္မဏ မဟာသာလ အမျိုး၌ဖြစ်ပြီး ရဟန်းပြုသော အခါ ပဒသညက မထေရ် အမည်ဖြင့် ရဟန္တာ ဖြစ် လာသည်။

## ပရိဘောဂစေတီ ပူဇော်ရကျိုး

လွန်ခဲ့သော (၉၂)ကမ္ဘာ တိဿဘုရားရှင် လက်ထက် တွင် ခေမပြည်သား တစ်ဦးသည် ဗောဓိပင် စိုက် ပျိုး ကိုးကွယ်ခဲ့၍ သာဝတ္ထိပြည်၌ သူကြွယ်သားဖြစ်လာသည်။ ရဟန်းပြုသောအခါ အသနဗောဓိ မထေရ် အမည် ဖြင့် ရဟန္တာဖြစ်လာသည်။

www.dhammaransi.com



စေတီပျက် ပြင်ရကျိုး

လွန်ခဲ့သောကမ္ဘာတစ်သိန်း ပဒုမုတ္တရဘုရားလက်ထက်၊ ဟံသာ၀တီပြည်သား တစ်ဦးသည် စေတီပျက်တစ်ဆူကို ဦးစီးပြီး ပြုပြင်ခဲ့သော အကျိုးကြောင့် သာ၀တ္ထိ ပြည်၀ယ် သူဌေးသားတစ်ဦး ဖြစ်ခဲ့ပြီး ရဟန်းပြုသော အခါ ပဘာက်ရမထေရ် အမည်ဖြင့် ရဟန္တာဖြစ်ခဲ့သည်။

သဲပုံစေတီ တည်ထားပူဇော်ရကျိုး

လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက် တဏှင်္ကရဘုရားပွင့်တော်မူချိန်၀ယ် ဟံသာ၀တီပြည်သား တစ်ဦးသည် သဲပုံစေတီ တည်ထား ကိုး ကွယ်ခဲ့သော အကျိုးကြောင့် ကောသမ္ဗီပြည်၌ ဃောသက သူဌေး ဖြစ်လာသည်။ ရဟန်းပြုသော အခါ ၀ါဌေကမထေရ် အမည်ဖြင့် ရဟန္တာဖြစ်လာခဲ့သည်။

ရုပ်ပွားတော် ပူဇော်ရကျိုး

လွန်ခဲ့သော(၃၁)ကမ္ဘာ ၀ေဿဘူဘုရား လက်ထက် တွင် အနော်မာပြည်သား တစ်ဦးသည် ရုပ်ပွားဆင်းတု တော် ပူဇော်ခဲ့သောအကျိုးကြောင့် သာ၀တ္ထိပြည်သား တစ်ဦး ဖြစ်လာသည်။ ရဟန်းပြုသော အခါ ပတ္တိမာ မထေရ် အမည်ဖြင့် ရဟန္တာဖြစ်လာခဲ့သည်။

ဓမ္မစေတီ ပူဇော်ရကျိုး

လွန်ခဲ့သော (၉၂)ကမ္ဘာ ဖုဿဘုရား လက်ထက်တွင် ကာသိပြည်သား တစ်ဦးသည် ပိဋကတ်တော်များကို

www.dhammaransi.com



ရေးသားပူဇော်ခဲ့သောအကျိုးကြောင့် ဂန္ထနိယမ မထေရ် အမည်ဖြင့် ရဟန္တာ ဖြစ်ခဲ့သည်။

ဘုရားရှင်တု ထုလုပ်ပူဇော်ရသောအကျိုး

- အပါယ်လေးပါး မလားရ၊
- မစ္ဆိမတိုက်သား ဖြစ်ရသည်၊
- မယာကျား ဖြစ်ရသည်၊
- ကိုယ်လက်အင်္ဂါ ချို့တဲ့သူမဖြစ်ရ၊
- ဒွန်းစဏ္ဍာလ, သူ့ကျွန်အဖြစ်မျိုး မဖြစ်ရ၊
- ယုတ်သောအမျိုး၌ မဖြစ်ရ၊
- အဆင်းလှသည်၊
- ဘုန်းကြီးသည်၊
- ထက်သောပညာ ရှိရသည်၊
- လူအပေါင်း ချစ်ခင်မြတ်နိုးခံရသည်၊
- မြတ်သော လာဘ်လာဘရှိသည်၊
- ကျွဲ-ကျွဲဘဏ္ဍာနှင့် ပြည့်စုံရသည်၊
- ဆင်, မြင်း, နွား, စည်းစိမ်နှင့် ပြည့်စုံရသည်၊
- အကြံအစည်ဟူသမျှ အောင်မြင်ရသည်၊
- နတ်ဖြစ်သော် နတ်မင်း၊ လူဖြစ်သော် လူမင်း ဖြစ်ရသည်၊
- အခြံအရံ ပေါသည်၊
- ပညာကြီးသည်၊
- တန်ခိုးကြီးသည်၊

www.dhammaransi.com



- အနာကင်းသည်၊
- အသက်ရှည်သည်၊
- ခွန်အားကြီးသည်၊
- မြဲမြံသော ပညာရှိရသည်၊
- ရဲရင့်သည်၊
- အကြားအမြင် များသည်၊
- စကြဝတေးမင်း၊ ကောရာဇ်မင်း၊ ပဒေသရာဇ်မင်း အကြိမ်ကြိမ် ဖြစ်ရသည်၊
- ဘုရား, ပစ္စေကဗုဒ္ဓါ ဆုပန်၍ရသည်၊
- ချစ်ဖွယ်သော အသွင်ရှိသည်၊
- နောက်ဆုံး ဈာန်မဂ်ဖိုလ်ရပြီး နိဗ္ဗာန်ကူးရသည်၊

စေတီကို သန့်ရှင်းပြုပြင်ရသည့် အကျိုး

- သိကြားမင်းအဖြစ် အကြိမ်ကြိမ် ဖြစ်ရသည်၊
- စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် ဖြစ်ရသည်၊
- ကောရာဇ်, ပဒေသရာဇ်အဖြစ်ကား မရေမတွက်နိုင်၊
- ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်မလားပါ၊
- သံသရာ ကျင်လည်သရွေ့ စည်းစိမ်ဥစ္စာ ပြည့်စုံရသည်၊
- ဖြစ်သမျှ စည်းစိမ် ယုတ်လျော့ခြင်းမရှိ၊
- ဖြစ်လေရာဘဝ ယာဉ်ရထားနှင့် ပြည့်စုံရသည်၊
- လူတို့ပူဇော်ခံရသည်၊
- သွားလေရာ ငုတ်, ဆူး မတွေ့မမြင်ရ၊

www.dhammaransi.com



- နူနာစသော အနာမဖြစ်၊ ကင်းရှင်းသည်၊
- လူ့ နတ်ဘဝ၌ အံ့ဖွယ်သော စည်းစိမ်ကို ခံစားရသည်၊
- လူ့ နတ်ဘဝ၌ အဆင်းအရောင် လှပသည်၊
- ကိုယ်ရောင်ကိုယ်ဝါ တောက်ပသည်၊
- မနှစ်သက်သောအရာများ မတွေ့ရ၊
- ခန္ဓာကိုယ် သန့်ရှင်းစပ်ကြယ်၍ ဟည်ကြည်သော စိတ်ရှိသည်။
- နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်ရသည်။

စေတီပြုပြင်ခြင်း အဆုံးအဖြတ်

သေးငယ်သောစေတီတော်ကို ဖျက်တန်သည်ကိုဖျက်၍ ကြီးမားဖွံ့ဖြိုးအောင် တည်လုပ်ရာ အပြစ်ရှိ-မရှိ မန်လည် ဆရာတော်ထံ မေးလျှောက်ရာ မန်လည် ဆရာတော်၏ အဖြေမှာ....

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ မန်လည်မြို့မ ပြာသာဒ်ကျောင်း ကြီး ဆရာအမိန့်ရှိလိုက်သည်၊ ကျောက်မြောင်းမြို့ ပုခန်း တိုက် ရှင်ပညာသာမိ အစရှိသော ဂုဏ်းသံဃာနှင့် တကွ မြတ်စွာဘုရား အကျိုးတော်ဆောင် ဥက္ကဋ္ဌလူကြီး များမှစ၍ ဒါယကာ,ဒါယိကာမအပေါင်းတို့ ..

လျှောက်ထားချက်(၁)အရ သီပေါဘုရင်မင်းတရား ကြီး၏ ရာဇမုနိ စေတီတော်မြတ်သည် ပေါင်းနှမ်း သေးငယ်သည် ဖြစ်၍ ကြီးမား မြင့်မြတ် ဖွံ့ဖြိုး သပ္ပာယ်

www.dhammaransi.com



ကောင်းမွန်စွာ ဖြစ်ပေါ်စေခြင်း အကျိုးငှာ ပယ်ဖျက် တန်သည်ကို ပယ်ဖျက်၍ ကြီးမားမြင့်မြတ်သော ပွားဖွယ် ဖွံ့ဖြိုးစွာ အုတ်, အင်္ဂတေအုတ်မြစ်တို့ဖြင့် ချထားခြင်း၌ ပဒုဋ္ဌစေတနာမဟုတ်၊ အပဒုဋ္ဌ အနုဂ္ဂဟ စေတနာဖြစ်၍ တစ်စုံတစ်ခု အပြစ်ရှိ၏ဟု မဆိုရာ၊ ကုသိုလ်တရား များစွာဖြစ်၍ နတ်ရွာသုဂတိ အကျိုးသာ ရှိရာ၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ—

ဟူသော ဓမ္မပဒပါဠိတော်—(၁၃)

န ပဋိစ္စ ကမ္မံ ဖုသတိ၊ မနော စေ နပ္ပဒုဿတိ။
အပ္ပေါ သုက္ကဿ ဘဒြဿ၊ န ပါပံ မုပလိမ္ပတိ—

ဟူသော တိတ္တိရဇာတ် ပါဠိတော် (ဇာ ၁-၁၀၂)

စေတော ပသာဒ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ—

ဟူသော ဣတိဝုတ်ပါဠိတော် (၂၀၅)

အဟောင်းအနွမ်း စသည်တို့ကို ပြုပြင်ရခြင်းကြောင့် အသက်ရှည်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်းစသော ပစ္စုပ္ပန် အကျိုးကိုလည်း မဟာဝင် ဝံသဘာမင်းကို ထောက်၍ သိအပ်လေ။

(၂) အရ လောကမာရဇိန် ရုပ်ပွားတော်သည် ရာဇမုနိ စေတီတော်မြတ်၏ မုခ်အတွင်း၌ ကျိန်းစက်တော်မူရာ လောကမာရဇိန် မြတ်စွာဘုရားပွဲတော်မှ ရရှိသော ဘဏ္ဍာတော်များကို ရာဇမုနိ စေတီတော်မြတ်၌ ပြုပြင်၍

www.dhammaransi.com



ရှင်း လောကမာရဇိန် ရုပ်ပွားတော်မြတ် အလှည့်ကျ ကျိန်းစံတော်မူရန် လေးမျက်နှာမုခ် တံကဲတော်ကြီးထပ်၍ ပြုပြင်ခြင်း၌လည်း စေတီတစ်ဆူတည်း၏အဖြစ် ရှိသောကြောင့် 'စေတိယသ ပရိဏတံ အညစေတိယဿ ဝါ သံဃဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ အာပတ္တိ ဒုက္ကဋဿ-ဟူသော(ဝိ ၁၊ ၃၇၀)သိက္ခာပုဒ်နှင့် မငြိရာ-

(၃)အရ မူလဘည်ထားရင်း သိပေါမင်းတရားကြီးနှင့်ဘကူ မိဖုရား စသည်တို့ကို မပန်ကြားဘဲ ရှင်းရာဇမုနိ မဟာစေတီတော်မြတ်ကို ဖုံးအုပ်၍ တည်ထားခြင်း၌.... ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ-အစရှိသည်ဖြင့် ကျမ်းဂန် များစွာ လာသောကြောင့် ဘုရား,တရား,သံဃာ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးချီးမြှောက်ရာ ဒါယကာ, မိဘ စသည်တို့ကို ပန်ကြားခြင်းသည် လောကဝတ်မျှသာ ဖြစ်၏၊ ဓမ္မဝတ် မဟုတ်။

ဓမ္မဝတ်အားဖြင့် တစ်စုံတစ်ယောက်ကို မပန်ကြားဘဲ အခါအားလျော်စွာ မရွေး ကြည်ညိုတိုင်း၊ ပူဇော်တိုင်း၊ ချီးမြှောက်တိုင်း ကုသိုလ်တရား ဖြစ်ပွားကြသည်သာတည်း။ မြတ်စွာဘုရားကြီး ကိုလည်း ဒကာ, ဒကာမတို့ မပန်ကြားဘဲ အတုံးတိုင်း အပြည့်ပြည့် အရပ်ရပ်ကို ပင့်သွား ပူဇော်ကြ ကြောင်း တရားကျမ်းဂန် များစွာ ရှိသည်၊ အကျဉ်းမျှသာတည်း။

၁၂၀၂-ခု၊ဒုတိယဝါဆိုလပြည့်ကျော်၁၀-ရက်နေ့ပြီး၏၊

(ဝိသုဒ္ဓါနန္ဒာရာသီ ကျမ်းစာ-၁၅၇-၄၅၀)

www.dhammaransi.com



# အခန်း ( ၃ )

## ဘဏ္ဍာတော် အမျိုးအစားများ

### သံဃာဘဏ္ဍာနှင့် ဘုရားဘဏ္ဍာ

အချို့ မြို့နယ်ဒေသတို့တွင် ရှိသော ဘုရားစေတီများသည် ဘုရားဝင်း သီးသန့် မဟုတ်မူ၍ ကျောင်းဝင်းထဲမှာပင် တည်ရှိသည်။ ထိုဘုရားနှင့်ပတ်သက်သော ဘဏ္ဍာတော် ငွေကြေး စသည်တို့ကိုလည်း ထိန်းသိမ်း စောင့်ရှောက်သော ရဟန်းတော် (သို့မဟုတ်)ဝေါပကအဖွဲ့ဝင်များသည် သံဃာဘဏ္ဍာ နှင့် ဘုရားဘဏ္ဍာတို့ကို ရောနှော၍ ထားရှိ သိမ်းဆည်းတတ်ကြလေသည်။

ထိုသို့ ထားရှိသော် ဘုရားစေတီ ပြုပြင် ပြင်ဆင်ရာ၌ ဘုရားငွေ မလုံလောက်က သံဃာကို ပန်ကြား၍ သံဃာဘဏ္ဍာဖြင့် ပြုပြင်ကောင်းသည်။ သို့သော် သံဃာ့ ကိစ္စကိုမူ ဘုရားငွေယူ၍ မစီမံရပေ၊ မသုံးစွဲရပေ။ (ဝိ၊ ဋ္ဌ၊ ၄၊ ၂၅၄)

သို့သော် ခေတ္တခဏ အားဖြင့်ကား ဘုရားဘဏ္ဍာငွေကို ယူ၍ သုံးစွဲကောင်းသည်။

ဤသည်ကို ထောက်၍ ဘုရားပစ္စည်းသည် သံဃာ့ပစ္စည်းထက် မြင့်မြတ်ကြောင်းထင်ရှား၏ပါသည်။ သံဃာက ပစ္စည်းကို မရှိမသေ အလွဲသုံးစားပြုရာ၌ ကြောက်

www.dhammaransi.com



မက်ဖွယ် ကောင်းသည်ထက် ဘုရား ဘဏ္ဍာတော်ကို မရိုမသေ အလွဲသုံးစားပြုက သာလွန်၍ ကြောက်မက်ဖွယ် ကောင်းသည်ကို သတိပြုကြရပေမည်။ (ဝိ၊ဋ္ဌ၊၄၊၂၅၄)

ဘဏ္ဍာတော် ထိန်းသိမ်း စောင့်ရှောက်ရာ၌ လည်း ဘဏ္ဍာတိုက် တစ်ခုတည်း မှာ ပင် ဘုရားဘဏ္ဍာ၊ သံဃာ ဘဏ္ဍာ ရောပြွမ်း ထားပါက ဘဏ္ဍာနှစ်မျိုးကို ယူ၍ ဘဏ္ဍာတော်စောင့်ရှောက်ခကို ပေးနိုင်ပါသည်။

ဘုရားစေတီ ဘဏ္ဍာတော်ဖြင့် သံဃာ ဘဏ္ဍာ ထက် စောင့်ရှောက်ခကို မပေးရပေ။ ဘုရားစေတီ ဘဏ္ဍာတော်ကို စောင့်ရှောက်ရင်း သံဃာဘဏ္ဍာကိုပါ တစ်ပြိုင်တည်း စောင့်ရှောက်မှု ပြီးသည်ဟုဆိုပါက စေတီတော် ဘဏ္ဍာဖြင့်ပင် စောင့်ရှောက်ခ ပေးကောင်းသည်။ (ဝိ၊ဋ္ဌ၊၁၊ ၃၄၁)

ဘုရားဘဏ္ဍာနှင့် တရားဘဏ္ဍာ

ဘုရားဘဏ္ဍာနှင့် တရားဘဏ္ဍာတော်များကိုမူ အပြန်အလှန် ပူဇော်နိုင်သည်။ သာရတ္ထဒီပနီ ဋီကာ ဒုတိယ ပါရာဇိက အဖွင့်ဝယ် တရားတော်၏ဥစ္စာဖြင့် ဘုရားရှင်အား ပူဇော်ခြင်းငှာ အပ်သလော- မအပ်သလော ဟု ဆိုရာတွင်—

''ဝါသေဋ္ဌ...ဤဓမ္မကာယ တရားအပေါင်း ဟူသော အမည်သည် ငါဘုရား၏ အမည်တည်း''

www.dhammaransi.com



"ဝက္ကလိ—စင်စစ် တရားတော်ကို မြင်သောသူသည် ငါဘုရားကို ဖူးမြင်ရသူမည်၏"

"အာနန္ဒာ....စင်စစ် ငါဘုရားသည် သုတ်အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း ဟော လည်း ဟောအပ်၏ ပညတ်လည်း ပညတ်အပ်ပြီ၊ ထိုသုတ်, အဘိဓမ္မာ, ဝိနည်းတို့သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်သော အခါ၌ သင်တို့၏ဆရာ ဖြစ်ပေလိမ့်မည်"

"ငါဘုရားသည် ယခုအခါ တစ်ပါးတည်းသာ ဆုံးမနေ၏၊ အဖန်ဖန် ဆုံးမတားမြစ်နေ၏၊ ငါဘုရား ပရိနိဗ္ဗာန် စံသော်ကား ဤ ရှစ်သောင်း လေး ထောင် ကုန်သော ဘုရားရှင်တို့သည် သင်ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်၊ အဖန်ဖန် ဆုံးမတားမြစ်ကြ ပေလိမ့်မည်"

"စုန္ဒ....အကြင်ရဟန်းသည် အကြားအမြင် ဗဟုသုတရှိ၏၊ ထိုရဟန်းသည် သင်တို့၏ တပည့်သာဝက မမည်၊ ထိုရဟန်းသည် သင်တို့၏ သုတဘုရားတစ်ဆူ မည်၏"

ဗုဒ္ဓဘုရားရှင်၏ ဤ အဆိုအမိန့်များ၊ ဆုံးမဩဝါဒများကို ထောက်ဆ၍ ဘုရားရှင် ကိုယ်တော်တိုင် က တရားတော်ကို အလေးပြုထားသဖြင့် တရားတော်၏ ဥစ္စာဖြစ် ဘုရားရှင်ကိုပူဇော်ခြင်း၊ ဘုရား၏ ဥစ္စာဘဏ္ဍာဖြင့် တရားတော်ကို ပူဇော်ခြင်းသည် ပြုအပ်ပေသည်။

ဓမ္မကဏ္ဍာ ရှစ်သောင်း လေးထောင်သည် ဘုရားရှင် အပေါင်း ရှစ်သောင်းလေးထောင် မည်၍ တရားတော်ကို ဘုရားကဲ့သို့ သတ်မှတ်၍ ပူဇော်နိုင်ပါသည်။

www.dhammaransi.com



## ဘဏ္ဍာတော် အမျိုးအစားများ

ဘုရားဘဏ္ဍာတော် ခွဲခြားသတ်မှတ်မှုနှင့် ပတ်သက်၍ မဟာမြတ်မုနိ ဘုရားသမိုင်း၌ မန္တလေးမြို့– အဂ္ဂမဟာ ပဏ္ဍိတ ဟံသာဝတီ ဆရာတော်ဘုရားကြီးက အောက်ပါ အတိုင်း (၆)မျိုး သတ်မှတ်ခွဲခြား၍ မိန့်မှာထားသည်ကို တွေ့ရပါသည်။

(၁) ပရိဘောဂ ဘဏ္ဍာတော်၊
(၂) အနာမာသ ဘဏ္ဍာတော်၊
(၃) ဝတ္ထက ဘဏ္ဍာတော်၊
(၄) တတြုပ္ပာဒ ဘဏ္ဍာတော်၊
(၅) ဥပနိက္ခေပ ဘဏ္ဍာတော်၊
(၆) အာမိသ ဘဏ္ဍာတော်။

### ၁။ ပရိဘောဂ ဘဏ္ဍာတော်

အနာထပိဏ် သူဌေး ဇေတဝန်ကျောင်း လှူခြင်း၊ ဝိသာခါ ကျောင်းအမ ပုပ္ဖာရုံကျောင်း ဆောက်လုပ် လှူဒါန်းခြင်း၊ ဇေတမင်းသား မုခ်ဦးပြာသာဒ် လှူခြင်း စသည်တို့ကိုရည်၍ အာရုံခံတန်ဆောင်း၊ ဂန္ဓကုဋိ၊ ဇရပ်၊ သိမ်၊ကျောင်း စသော အဆောက်အအုံများ၊ ပရိက္ခရာ ရှစ်ပါးစသော အသုံးအဆောင်များ စသည်တို့သည် ပရိ ဘောဂ ဘဏ္ဍာတော် မည်သည်။

ယင်းပရိဘောဂ ဘဏ္ဍာတော်ကို (၂)မျိုး ခွဲခြားနိုင် ပါသည်။

www.dhammaransi.com



(က) ထာဝရဘဏ္ဍာ-ဂန္ဓကုဋီ၊ အာရုံခံတန်ဆောင်း၊ သိမ်၊ ဇရပ်၊ ကျောင်းစသည်တို့ ဖြစ်သည်။

(ခ) အထာဝရဘဏ္ဍာ-ရဟန်းတို့ အသုံးအဆောင် အမျိုးမျိုး၊ မင်းတို့၏ အသုံးအဆောင် အမျိုးမျိုး၊ လူတို့၏ အသုံးအဆောင် အမျိုးမျိုး စသည်တို့ ဖြစ်သည်။

ထာဝရဘဏ္ဍာဖြစ်သော ဂန္ဓကုဋီ၊ ကျောင်း၊ သိမ်၊ ဇရပ်တို့ကို ပြင်ဆင်ရန် လိုအပ်ပါက ဘဏ္ဍာထိန်းအဖွဲ့မှ အတိုးအရင်း ပွားချထားသော ဥပနိက္ခေပဘဏ္ဍာတော်မှ ယူ၍ ပြုလုပ်ရသည်။

ဆောက်လုပ် ပြုပြင်မည့်သူ ဒါယကာမရှိလျှင် သော်လည်းကောင်း၊ ဥပနိက္ခေပ ဘဏ္ဍာတော် မရှိလျှင်သော်လည်းကောင်း အိုမင်း ဟောင်းနွမ်းသော ဇရပ်၊ တန်ဆောင်း တို့ကို စွန့်လွှတ်ရောင်းချ၍ ထိုမှရအပ်သောဝတ္ထုပစ္စည်းဖြင့် တစ်ဆောင် တည်းသော ခိုင်ခံ့သော တန်ဆောင်း တို့ကို ပြန်သည် ဆောက်လုပ်ကောင်းသည်။

သို့သော် တစ်ဆူသော စေတီတော်၏ ပရိဘောဂ ဘဏ္ဍာတော်ဖြင့် အခြား တစ်ဆူသော စေတီတော် ၏ ပရိဘောဂတို့ကို ပေါင်း၍ မပြုလုပ်ရပေ။

အထာဝရပရိဘောဂ ဘဏ္ဍာတော်ဖြစ်သော ရဟန်း အသုံး အဆောင် များ၊ မင်း၊ လူ စသည် တို့၏ အသုံး အဆောင်များဖြစ်ကြသော ပိုး၊ ဖဲ၊ ကတ္တီပါ၊ ကော်ဇော၊

www.dhammaransi.com



ညှောင်စောင်း၊ အင်းပျဉ်၊ စားပွဲစသော ပစ္စည်းများကိုမူ လုပတင့်တယ်စွာ ကြည်ညိုဖွယ်ဖြစ်အောင် ပြုတိုက်ဖုံးကာ ခင်းကျင်း ပြသထားရပါသည်၊ လိုအပ်တာထက် ပို၍ ရှိသော် ဟောင်းနွမ်း ပျက်စီးသည်အခါ လဲလှယ် ရ ဘဏ္ဍာတိုက်၌ သေချာစွာ သိမ်းဆည်းထားရမည်။

အထာဝရ ဘဏ္ဍာတော်တို့ကို စေတီ၌ အခြားလိုအပ်သော အသုံးအဆောင်အတွက် ဘဏ္ဍာထိန်း လူကြီးများက စီမံလဲလှယ် ပြုလုပ်ဆောင်ရွက်ခွင့် ရှိသည်။

## ၂။ အနာမာသ ဘဏ္ဍာတော်

ဝိသာခါ ကျောင်းအမသည် ကိုးကုဋေ ကျော်သော မဟာလ္လတာ တန်ဆာကို လှူသောထုံးကို နှလုံးမူ၍ အလှူရှင်တို့သည် ကျောက် မျက် ရတနာ များ၊ ရွှေ၊ ငွေ၊ လက်ကောက်၊ လက်စွပ်၊ ပုတီး၊ နားတောင်း စသည် တို့ကို လှူဒါန်းကြသည်။ ယင်းတို့သည် အနာမာသ ဘဏ္ဍာတော်များ ဖြစ်ကြသည်။

ဤအနာမာသ ဘဏ္ဍာတော်များကိုမူ ဒါယကာတို့က ဤအနာမာသဝတ္ထုတို့ဖြင့် စေတီတော်အား ရွှေသင်္ကန်း ကပ်လှူလိုပါသည် ဟူ၍ လည်းကောင်း၊ မကိုဋ်၌ တန်ဆာ ဆင်လိုပါသည် ဟူ၍ လည်းကောင်း ဆိုကြသည့်အတိုင်း ဘဏ္ဍာတော်သိမ်းအဖွဲ့က လိုအပ်သလို စီမံခန့်ခွဲပြုလုပ်ပေး ကြရလေသည်။

www.dhammaransi.com



## ၃။ ဝတ္ထုကဘဏ္ဍာတော်

ဗိမ္ဗိသာရ မင်းကြီးသည် ဥယျာဉ်တော်ကို လှူဒါန်းသော ထုံးကိုနှလုံးမူ၍ လယ်ယာ၊ ဥယျာဉ်၊ အရံ၊ ခြံ၊ မြေ၊ လူနေအိမ် အဆောက်အအုံများကို လှူဒါန်းကြလေသည်။ ယင်းတို့သည် ဝတ္ထုကဘဏ္ဍာတော်များ ဖြစ်ကြလေသည်။

ယင်းပစ္စည်းများကို စီမံခန့်ခွဲရာတွင် သံဃိကဖြစ်သော ဂရုကဘဏ္ဍာစသည်များကို အပြတ်မပေးကောင်း၊ မဝေဖန်ကောင်း၊ လဲလှယ်လှယ်သည့် အဖြစ်သာ ပေးကောင်းသည်။ (ဝိ၊ ၄၊ ၄၊ ၇၇)

ဤသည်ကို ထောက်ဆ၍ စေတီယသန္တက ဝတ္ထုကဘဏ္ဍာတော်ဖြစ်သော လယ်ယာ၊ ဥယျာဉ်၊ ခြံမြေစသည်တို့ကို တစ်စုံတစ်ယောက်သောသူအား အပြတ်မပေးရ၊ သို့ရာတွင် ဘဏ္ဍာထိန်းတို့က အကြောင်း အကျိုး တို့ကို ဆင်ခြင်၍ တစ်ပါးသူတို့၏ လယ်ယာ၊ ခြံမြေ စသည်တို့နှင့် လဲလှယ်ယူမှုအား ယူကောင်းသည်။

ထာဝရပစ္စည်းကို ထာဝရပစ္စည်းဖြင့်သာ လဲလှယ်ကောင်းသည်၊ အထာဝရ ပစ္စည်းဖြင့် မလဲလှယ်ကောင်းပေ။

ဆိုလိုသည်မှာ - စေတီတော်နှင့် ဝေးသောအရပ်တွင်ရှိသော လယ်ယာမြေ စသည်တို့ကို စေတီအနီးရှိသော လယ်ယာမြေ စသည်တို့နှင့် ဖလှယ်ယူခြင်းမျိုး ဖြစ်သည်။

www.dhammaransi.com



စေတီယသန္တက ဝတ္တကာ ပစ္စည်းတို့ကို နှစ်၊ လ၊ ရက် ပိုင်းခြား၍ အဖိုးအခဖြင့် စောင့်ရှောက်သူ (ကံထရိုက် သီးစားခပေးသူ) စသည်တို့အား သီးစား ချထား နိုင် သည်၊ ယာယီငှားရမ်းခွင့် ရှိသည်။

ထိုမှ ရသောငွေဖြင့် ဘုရား ဝေယျာဝစ္စ များကို ပြုပြင်စီရင်ခြင်းများ ပြုလုပ်နိုင်သည်။

၄။ တတြုပ္ပာဒ ဘဏ္ဍာတော်

စေတီယသန္တက ဖြစ်သော လယ်ယာ အရံ၊ ခြံမြေ လှူနေ တိုက်တာ အိမ် စသည်တို့မှ ရသော အခကြေးငွေ များ၊ ပရိဘောဂဘဏ္ဍာဖြစ်သော ဇရပ်၊ တန်ဆောင်း စသည်တို့မှ ဖြစ်ပေါ်ရရှိသော အခွန်အခ ကြေးငွေများ၊ ဂန္ဓကုဋိတိုက် အတွင်း, အပြင်နှင့်စပ်သော ပန်း, အမှိုက် သရိုက်၊ ဖယောင်း၊ ရွှေမှုန့်၊ မြေမှုန့် စက္ကူ စသည် တို့မှ ဖြစ်ပေါ် ရရှိသော အခွန် အခ ကြေးငွေ များ သည် တတြုပ္ပာဒဘဏ္ဍာတော်ဟု ခေါ်ဆိုရပေသည်။

ယင်းငွေများဖြင့် စေတီတော်၏ ဝတ္တကာဘဏ္ဍာတော် များ ဖြစ်ကြသော လယ်ယာ၊ ဥယျာဉ်ခြံ၊ အရံ၊ အိမ် စသည် တို့ကို ထိန်းသိမ်း စောင့်ရှောက်သူ တို့ ကို လည်း ကောင်း၊

စေတီတော်၏ ဘဏ္ဍာအချိုးမျိုးအတွက် ဆောင်ရွက် ကြသော စာရေး စာချီ၊ အုပ်ချုပ်ရေးမှူး၊ ဥယျာဉ်မှူး၊

www.dhammaransi.com



လိုခြိုရေးမှု၊ ဈေးအုပ်၊ အစေခံ သန့်ရှင်းရေး သမား စသော အမှုထမ်းတို့ကိုလည်းကောင်း၊

စေတီယသန္တကနှင့် ပတ်သက်သော ရုံးပြင် ကန္နား၊ ဆက်ဆံရေးကိစ္စတွင် ကုန်ကျရသောငွေများ၊ သွားလာရေး ခရီးစရိတ်များ၊ ဘုရားအမှုထမ်းတို့ စီမံခန့်ခွဲမှုအတွက် ကုန်ကျငွေများ၊ ဘဏ္ဍာထိန်း အစည်းအဝေး ကုန်ကျငွေများ၊ ဧည့်ခံစရိတ်များ စသည်တို့ကို ဤဘဏ္ဍာတော်မှ ထုတ်ပေးရသည်။

သို့သော် အမှန်တကယ် ကုန်ကျသည်ထက် ပို၍ ယူခြင်း၊ ဘဏ္ဍာထိန်းလူကြီးဘို့ ကိုယ်ကျင့်တရားပျက်ပြား၍လည်းကောင်း၊ စည်းကမ်းမကျ ချွတ်ယွင်းမှုတို့ကြောင့်လည်းကောင်း ပေါ်ပေါက် လာသော ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ကုန်ကျသော စရိတ်တို့ကို ဤဘဏ္ဍာမှ ထုတ်မယူရပေ။

စေတီယသန္တက ဆိုင်ရာ အစည်းအဝေးတို့၌ လည်း ပျော်ပွဲစားထွက်သကဲ့ လည်းကောင်း၊ အလှူကြီးပေးနေသကဲ့သို့ လည်းကောင်း မသုံးစွဲကောင်းပေ။

စေတီတော်ကို ပြုပြင်ဆင့်လုပ်ကိုင်သော ရဟန်းဖြစ်သူ ဆွမ်းခံရာမှ လည်းကောင်း၊ သံဃာ့ဘက်မှ လည်းကောင်း သင့်တင့်မျှတသော ဆွမ်းမရပါမူ စေတီတော်၏ဘဏ္ဍာမှ သင့်တင့်မျှတရုံ- စားသောက်မှု လုံလောက်ရုံမျှ ယူ၍ စားသုံးနိုင်သည်။

www.dhammaransi.com



ငါတို့သည် စေတီတော်ကို ပူပြင်နေသည်ဟု ဆိုပြီး အမဲသားငါးစသည်တို့ကို ပျော်ပွဲစားသကဲ့သို့ ဝယ်ခြင်း၊ ကြော်လှော်ချက်ပြုတ်စားသောက်ခြင်းမျိုးကိုခွင့်မပြုချေ။ (ဝိ၊ ဌ၊ ၄၊ ၂၅၆)

၅။ ဥပနိက္ခေပ ဘဏ္ဍာတော်

စေတီတော် စသည်တို့ကို ပူပြင်စီရင်နိုင်ရန်အကျိုးငှာ ဘုရား၏ ဘဏ္ဍာတော် တို့ကို တိုးပွားအောင် အတိုး အပွား ချေးငှား ချထားကောင်းသည်၊ ယင်းငွေဖြင့် ဘုရားကို ပူပြင်နိုင်သည်။

ယင်း အတိုး အရင်း များ ချထားသော စေတိယ သန္တက၏ အတိုးအညွန့် ကြေးငွေများကို ဥပနိက္ခေပ ဘဏ္ဍာတော်ဟု ခေါ်သည်။

ယင်းမှရရှိသော အတိုးအပွားငွေဖြင့် စေတီစသည်ကို ပူပြင်ခြင်း၊ မွမ်းမံခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

၆။ အာမိသ ဘဏ္ဍာတော်

ဆောဇဉ်ငါးပါး၊ ခဲဖွယ်အမျိုးမျိုး၊ အဝတ်အထည် အမျိုးမျိုး၊ သကာ၊ တင်လဲ၊ ထောပတ်၊ သစ်သီး၊ ပန်းမန် စသည်တို့သည် အာမိသဘဏ္ဍာတော်များ ဖြစ်ကြသည်။

ယင်းအာမိသ ဘဏ္ဍာတော်နှင့်ပတ်သက်၍ ပန်းနံ့သာ စသည်တို့ကို စေတီတော်၌ လှူတင်တယ်စွာ ကြည်ညိုဖွယ် ရှိအောင် တင်လှူကပ်လှူ ပူဇော်ရသည်။

www.dhammaransi.com



အဝတ်အထည်တို့ကိုမူ တံခွန်၊ ကုက္ကား၊ နဖူးတား၊ မျက်နှာကြက် ပြုလုပ်၍ လှူဒါန်းရသည်။ ပိုလျှံနေပါက အသစ်လဲလှယ်နိုင်ရန် ရှိသေစွာ သိမ်းဆည်းထားရသည်။

ကြာကြာ ထားလျှင် ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းတို့ကိုမူ ဖလှယ်၍ စီမံခန့်ခွဲနိုင်သည်၊ လဲလှယ် ဖလှယ်၍ ရသော ငွေတို့ကိုမူ ဥပနိက္ခေပ ဘဏ္ဍာတော်၌ ထားရလေသည်။

ဆီမီးပူဇော်ရာတွင် ရေနံဆီ၊ ဖယောင်းတိုင် စသည်တို့ဖြင့် ပူဇော်ခြင်းသည် ဘုရားစေတီ ညစ်ပတ်မှုပေနိုင်၍ ယင်းအစား ခေတ်ပေါ် လျှပ်စစ်မီးဖြင့် ပြောင်းလဲပူဇော်နိုင်သည်။

စေတီတော်၌ ကပ်လှူပြီးသော ဘောဇဉ်စသော စားသောက်ဖွယ်တို့ကို ဈေတီ၌အမြဲမပြတ် ဝတ်ပြုနေသူများနှင့် ရဟန်းတော်များ စွန့်ယူ၍စားသောက်ကောင်းသည်၊ အမြဲဝတ်ပြုသူ မရှိပါက ထိုခဏ၌စားသုံးလိုသောသူသည် ဘုရား၌ တံမြက်လှည်းခြင်း, ဘုရားပန်းစသည် ရေလဲခြင်း စသည်တို့ကို ပြုလုပ်ပြီးမှ စွန့်ယူစားကောင်းသည်။

ဆွမ်းတော်ကြီးတင်ပွဲများ ပြုလုပ်ရာတွင် ဘုရားတင်ပြီးသော သစ်သီး၊ မုန့်စသည်တို့ကို ဗုဒ္ဓဝေယျာဝစ္စ ပုဂ္ဂိုလ်တို့က စွန့်ယူ၍ စားကောင်းသည်။

www.dhammaransi.com



ရဟန်းဖြစ်မှု နေ မှန်း လွဲ မည် စိုးက စွန့်ယူ စားပြီးမှ ဝေယျာဝစ္စ ပြုလုပ်နိုင်သည်၊

ပန်း၊ သစ်သီး၊ မုန့်၊ စားဖွယ်၊ သောက်ဖွယ် တို့ကို ဘုရားအတွက် အဖိုးနှန်း ထား၍ ဖလှယ် ယူ သော် ယူ ကောင်းသည်။ (ဝိမတိဋီကာ)

ဘဏ္ဍာတော် စောင့်ရှောက်မှု

စေတိယသန္တက ဘဏ္ဍာတို့ကို ရဟန်းတို့သည် ငါ့ဥစ္စာ ဟူ၍ မငြိတွယ်အပ်၊ မခင်မင်အပ်၊ မသုံးဆောင်အပ်ပေ၊ ဘဏ္ဍာတော်ကို ထိန်းသိမ်း စောင့်ရှောက်သော ဘဏ္ဍာ ထိန်းတို့ကို ရဟန်းတို့က အသီးသီး စီမံခန့်ခွဲသော အား ဖြင့် စောင့်ရှောက်ထိုက်သည်။ စေတီစသည်တို့ကျိုးပျက် ဟောင်းနွမ်းသည်ကို ပြင်ဆင်ရန် အတွက် ဒါယကာတို့ လှူထားသော ဥယျာဉ်ခြံမြေ စသည်တို့ကိုရဟန်းတို့သည် စောင့်ရှောက် ထိုက်၏၊ အခလစာ ပေး၍ လူတို့ အား စောင့်ရှောက်စေအပ်၏။ (ဝိ၊ ၅၊ ၂၂၇)

ဥပုသ်ဇရပ်၊ သိမ်၊ ကျောင်း၊ပြာသာဒ်၊တန်ဆောင်း၊ စေတီ စသည်ဘို့ကို ထိန်းသိမ်း စောင့်ရှောက်သူတို့အား တစ်ပါးသောသူတို့ရသော အဖိုးအခထက် နှစ်ဆ ပေးရ မည်။ ဥပမာ— ဤခေတ်တွင် ရုံးစောင့် တစ်ဦးသည် (၁၅၀)ရသည်ဟု ဆိုက ဘုရားစောင့်သောသူကို နှစ်ဆ (၃၀၀)ပေးရမည်ဟု ဆိုလိုသည်။ (ဝိ၊ ဋ္ဌ၊ ၁၊ ၃၁၃)

www.dhammaransi.com



ဤအဆိုအရ ဘုရား ဘဏ္ဍာတော်သည် များစွာ အရေးကြီးကြောင်း သိသာလှပေသည်။

## ဘဏ္ဍာစောင့်တို့၏ တာဝန်

အဖိုးအခတို့ဖြင့် ဘုရားစေတီ စသည်တို့ကို စောင့်ရှောက်သောသူသည်မေ့လျော့၍မစောင့်ရှောက်မိသောကြောင့် ပစ္စည်း တစ်စုံတစ်ရာ ပျောက်ခဲ့သော် ပျောက်သော ပစ္စည်းတန်ဖိုးအလိုက် စိုက်၍ လျော်ပေးရသည်။

ထိုပစ္စည်းကို စိုက်၍ မလျော်ပေးမူ ရဟန်းဖြစ်က တန်ဖိုးအလိုက် ပါရာဇိက အာပတ် ကျရောက်နိုင်သည်။ လူဖြစ်က အပြစ်ကြီးစွာ ရနိုင်သည်။ နိုင်ထက်စီးနင်း လုယက်ခံရသော်လည်းကောင်း၊ မီးဘေးစသည့် ဘေးဖြစ်သော်လည်းကောင်း မလျော်ရပေ။

ဘုရားဘဏ္ဍာ ပစ္စည်းတို့ကို လုံခြုံရာ ဘဏ္ဍာတိုက် ၌ထားရသည်၊ ဘဏ္ဍာထိန်းသည်လည်းကောင်း၊ အစောင့်သည်လည်းကောင်း မေ့၍၊ မိုက်၍၊ မလိမ္မာ၍ တံခါးဖွင့်ထားမိခဲ့၍ ထိုအချိန်တွင် သူခိုးဝင်ခိုးခံရပါက ခိုးယူခံရသော ပစ္စည်းဥစ္စာ တန်ဖိုးနှင့် အညီ ပေးလျော်ရသည်။

အလှည့်ကျ စောင့်ရှောက်မှု ရှိ၍ မိမိအလှည့်တွင် ပျောက်ပျက်ပါက ပျောက်သောသူ အလှည့်တွင် လျော်ရသည်။ (ဝိ၊ ဋ္ဌ၊ ၁၊ ၃၄၁)

## ဗုဒ္ဓဘဏ္ဍာနှင့် ပူဇနီယပွဲများ

ဘုရားဘဏ္ဍာတော်များကို ပျော်ပွဲရွှင်ပွဲများ၌ မသုံးရချေ။ (ပရိဝါ အဋ္ဌကထာ၊ ကမ္မဝဂ္ဂ)

www.dhammaransi.com



အချို့သော ဘဏ္ဍာထိန်း ဂေါပကလူကြီးများသည် ဓာတ်ပွဲများကျင်းပ၍ ငွေရှာခြင်း၊ ဘုရားငွေဖြင့် ဓာတ်ရုံဆောက်ကာ အလှူငွေရှာခြင်းတို့ကို ပြုလုပ်နေကြသည်။ ယင်းရှာဖွေမှုသည် တရားတော်အရ မသင့်လျော်သော အမှု ဖြစ်လေသည်။

မြတ်စွာဘုရားသခင်သည် ကိလေသာပွားများကြောင်း ဖြစ်သော အပျော်အပါးဓာတ်ပွဲ၊ အငြိမ့်ပွဲများကို အသုံးမရှိသောကြောင့် သီလ(၈)ပါးတွင် နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုကသိက္ခာပုဒ်ဖြင့် ပိတ်ပင်ထားခဲ့သည်။

ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၌ တာလပုဋ မည်သော သဘင်ဆရာကြီးကို ဟောပြောရာ၌—

“ရှေးမဆွကပင် တပ်မက်မှုလောဘ၊ ပြစ်မှား မုန်းတီးမှု ဒေါသ၊ တွေဝေမှုမောဟ မကင်းကြ မှု၍ ထိုလောဘ၊ ဒေါသ၊ မောဟ နှောင်ကြိုးဖြင့် အနှောင်အဖွဲ့ ခံနေရသော လူအပေါင်းကို အတိုင်းထက် အလွန် လောဘ၊ ဒေါသ၊ မောဟများ ပိုမိုပွားများရန် ကချေသည်တို့က ပွဲသဘင် အလယ်၌ ကပြ နေကြသည်။ ထိုကချေသည်တို့ ကိုယ်တိုင်ကလည်း ယစ်မူး မေ့မြောပြီး သူတစ်ပါးတို့ကို ယစ်မူးမေ့လျော့အောင်ကပြမှုကြောင့် သေသောအခါဝယ် ပဟာသငရဲသို့ ပဋိသန္ဓေကပ်ရောက်ရသည်”

www.dhammaransi.com



ဝိနည်း ပရိဝါပါဠိတော် ကေတ္တရိကာပဥ္စက အခန်း၌ အပြစ်မကင်းသော ဇာတ်ပွဲ၊ အငြိမ့်ပွဲများကို ငှားရမ်းပြသမှုနှင့် ပတ်သက်၍ ဟောထားသည်မှာ....

"လောက၌ ကုသိုလ်ကောင်းမှုဟု သမုတ်အပ်သော်လည်း ကုသိုလ်ကောင်းမှု မဟုတ်သော အလှူတို့သည်ကား....

(က) သေရည်သေရက် အလှူ၊
(ခ) ကချေသည် အလှူ၊
(ဂ) မိန်းမ အလှူ၊
(ဃ) နွားမ အုပ်၌ နွားလားဥသဘ လွှတ်သော အလှူ၊
(င) ဘုရား, ကျောင်း,ဇရပ်၌ မေထုန်နှင့်စပ်သော ယောကျ်ား, မိန်းမ ပန်းချီရေး အလှူများ ဖြစ်ကြသည်။

သို့သော် သုတ္တသင်္ဂဟ အဋ္ဌကထာ၌မူ—
"ရတနာသုံးပါးအားပူဇော်ရန်အလို့ငှာ ပြုအပ်သော ကချေသဘင်သည် ကုသိုလ်ဖြစ်သည်"
ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ဤအဖွင့်အရ လူတို့ကို လောဘ၊ ဒေါသ၊ မောဟ ပွားစေရန် မဟုတ်မူ၍ ရတနာသုံးပါး၌ ပူဇော်လိုသော

www.dhammaransi.com



မဟာကုသိုလ်စိတ်ဖြင့် ဇာတ်သဘင်တို့သည် မိမိတို့အတတ်ပညာဖြင့် သီဆို တီးမှုတ် ကခုန်သော် လည်းကောင်း၊ သိင်္ဂါရရသ မပါဘဲ ဘုရားရှောင်ခြည်တော် စသော ရတနာပူဇာ ကဗျာလင်္ကာ သီချင်းတို့ကို သီဆို တီးမှုတ် ပူဇော်က မဟာကုသိုလ်စိတ် ဖြဋ္ဌာန်း၍ ကုသိုလ်ရသည် ဟု ဆိုပါသည်။

ထို့ကြောင့် ယခုအခါ ဘုရားပွဲ ပြုလုပ်ကျင်းပကြသော ဘုရားလူကြီးများသည် လည်းကောင်း၊ ဘုရားပွဲ၌ ကပြသီဆိုသော အနုပညာသည်တို့သည် လည်းကောင်း ဘုရားပွဲ ကျင်းပပြုလုပ်လေတိုင်း စိတ်ထားကို မှန်မြတ်စွာ ထားဘတ်ရန် လိုအပ်ကြောင်း သတိပြုအပ်ပေသည်။

☆

www.dhammaransi.com

# နိဂုံး

မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်၊ ဇရပ်၊ မွေ့ရုံအသီးသီး၌ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃဝေယျာဝစ္စ တို့ကို ဦးစီး ခေါင်းဆောင် ပြုလုပ်နေကြသော ဂေါပက (ဘဏ္ဍာထိန်း) အဖွဲ့ဝင် များ သည် သဒ္ဒါတရား စေတနာတရား တို့၌ မှားသောအလုပ်များ မှားသော သုံးဆောင်မှုများ မပြုလုပ်မိနိုင်စေရန် အတွက် အထူးသတိထား ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ဘာသာရေးနှင့် ပတ်သက်သော ဘဏ္ဍာတော် အလွဲသုံးစားမှု၊ အ မှား ပြု မှု သည် သံ သ ရာ အ ဆက် ဆက်မှ ကောင်းကျိုးများစွာ ခံစားရပြီး နတ်ရွာနိဗ္ဗာန် ရောက်ရန် လမ်းခရီး၏ အနှောင့် အယှက် များ လည်း ဖြစ်ပါသည်။ ကုသိုလ်မရ ငရဲရ၊ ကုသိုလ်တစ်ပုံ ငရဲတစ်ပိဿာ ဟူသော အ ဖြစ် မျိုး များ မကျရောက် မဖြစ်စေရန် အထူး လိုအပ်ပါသည်။

သံသရာ ကောင်းကျိုးအတွက် လုပ်ရာတွင် ကောင်းကျိုး မရဘဲ ဆိုးကျိုး ရပြီး နစ်မွန်းရမည့် ဘေး ကို ရှောင်ရှားကြဖို့ လိုအပ်ပါသည်။

www.dhammaransi.com



သို့ဖြစ်၍ ရတနတ္တယဝေယျာဝစ္စ ဆောင်ရွက်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် ဘုရားဘဏ္ဍာတော် သုံးစွဲနည်း၊ လုပ်နည်းကိုင်နည်းတို့ကို သေချာစွာ သိရှိနားလည် သဘောပေါက်ပြီး လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် ဤစာအုပ်ကို ရေးသားထုတ်ဝေရပါသတည်း။

☆

www.dhammaransi.com

# အကျိုးကျေးဇူးများ

ဘုရားရှင်အား ဆီမီးလှူသော အကျိုး(၃)ပါး

- အရောင်အဝါနှင့် ပြည့်စုံခြင်း၊
- မြတ်သောအဖြစ်နှင့် ပြည့်စုံခြင်း၊
- ပညာထူးကဲစွာ တတ်မြောက်ခြင်း၊

× × ×

ဖိနပ်တော်လှူခြင်း အကျိုး(၃)ပါး

- ဆင်၊ မြင်း၊ ရထားစသော ယာဉ်မျိုးစုံရရှိခြင်း၊
- ရတနာခြေနင်းကို ရရှိခြင်း၊
- မကောင်းမှုကို သုတ်သင်ခြင်း၌ မြဲသော သတိ ရှိခြင်း။

× × ×

ဘုရား၌ ခြေသုတ်ခုံလှူသော အကျိုး(၅)ပါး

- ဖြစ်လေရာဘဝ၌ ရွှေအဆင်းနှင့်တူသော အဆင်း ရှိခြင်း၊
- မြူအညစ်အကြေး ကင်းခြင်း၊
- အဆင်းအရောင်အဝါ လှပဘင့်တယ်ခြင်း၊
- တန်ခိုးအာနုဘော် ကြီးခြင်း၊
- သိမ်မွေ့သော ကိုယ်ရှိခြင်း။

× × ×

www.dhammaransi.com



## ဆီကျည်လူသော အကျိုး(၅)ပါး

- ကောင်းသော ကိုယ်အဖြစ်ရှိခြင်း၊
- ကောင်းသော စကားရှိခြင်း၊
- ကောင်းသော နှလုံးရှိခြင်း၊
- မပုံ့လွင့်သော စိတ်ရှိခြင်း၊
- ခပ်သိမ်းသော အစောင့်အရှောက်များ စောင့်ရှောက်ခံရခြင်း။

\+ + +

## ဆီမီးလှူခြင်း အကျိုး(၅)ပါး

- တန်ခိုးတေဇော် အာနုဘော်ကြီးခြင်း၊
- ရဲရင့်လျှင်မြန်ခြင်း၊
- အဆင်း ထွန်းလင်းတောက်ပခြင်း၊
- ဉာဏ်ပညာ ကြီးကျယ်ခြင်း၊
- ကိတ္တိနှစ်ပါး ကျော်စောထင်ရှားခြင်း။

www.dhammaransi.com

## ဧဂါမဏနှင့် ဗုဒ္ဓဘာသာတော်

### ဆွမ်းလှူအကျိုး (၅)ပါး

- အသက်ရှည်ခြင်း၊
- အဆင်းလှခြင်း၊
- ချမ်းသာကြီးခြင်း၊
- ဉာဏ်ပညာကြီးခြင်း၊
- ခွန်အားကြီးခြင်း။

❖ ❖ ❖

### တံမြက်လှည်းခြင်း အကျိုး(၅)ပါး

- မိမိစိတ်ကို ကြည်လင်စေခြင်း၊
- သူတစ်ပါးစိတ်ကို ကြည်လင်စေခြင်း၊
- နတ်တို့ နှစ်သက်ဝမ်းမြောက်ခြင်း၊
- ကြည်လင်ဖွယ်ကို ဖြစ်စေတတ်သောကြောင့် ကောင်းမှုကုသိုလ် ဆည်းပူးသည်ဖြစ်ခြင်း၊
- သေသည်အခြားမဲ့၌ နတ်ရွာသို့လားရခြင်း။

❖ ❖ ❖

www.dhammaransi.com



ရေကူးတတ်သောလူ အကျိုး(၅)ပါး

- ခွန်အားရှိခြင်း၊
- အဆင်းလှခြင်း၊
- အမွေးများ အထက်သို့ ကော့ရရော့တက်ခြင်း၊
- အနာမရှိခြင်း၊
- သန့်ရှင်းစင်ကြယ်ခြင်း

* * *

ဒန်ပူလှူသော အကျိုး(၅)ပါး

- သန့်ရှင်းစင်ကြယ်သော လည်ချောင်းရှိခြင်း၊
- အသံသာယာခြင်း၊
- ချောင်းဆိုးအနာ မရှိခြင်း၊
- ကုတ်ဟီးအနာ မရှိခြင်း၊
- ခံတွင်း ကြာညိုနံ့လှိုင်ခြင်း။

* * *

နှမ်းဆီလှူသော အကျိုး(၅)ပါး

- အပြစ်ကင်းခြင်း၊
- အဆင်းလှခြင်း၊
- တရားကို လျင်စွာသိခြင်း၊
- ထမင်းအဖျော် ရလွယ်ခြင်း၊
- အသက်ရှည်ခြင်း။

* * *

www.dhammaransi.com



ပန်းလှူ အကျိုး(၅)ပါး

- လှပသန့်ရှင်းသော ရုပ်အဆင်းအင်္ဂါရှိခြင်း၊
- သင်းပျံ့မွှေးကြိုင်သော ကိုယ်ရနံ့ရှိခြင်း၊
- နတ်လူတို့ ချစ်မြတ်နိုးခြင်း၊
- ကျော်စောသတင်း ပျံ့နှံ့ခြင်း၊
- ကိုယ်စိတ်ချမ်းသာ ရွှင်လန်းခြင်း။

* * *

ယပ်လှူသော အကျိုး(၅)ပါး

- အချမ်းမရှိခြင်း၊
- အပူမရှိခြင်း၊
- စိတ်ပူလောင်မှု မရှိခြင်း၊
- စိတ်ပူပန်ခြင်း မရှိခြင်း၊
- ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ ကိလေသာတို့၌ ငြိမ်းခြင်း။

• • •

ရေစစ်လှူသော အကျိုး(၅)ပါး

- သူတစ်ပါးထက်လွန်၍ အသက်ရှည်ခြင်း၊
- ခိုးသူ, ရန်သူတို့ မနှိပ်စက်ခြင်း၊
- လက်နက်မျိုးစုံ ဒဏ်မခံရခြင်း၊
- အဆိပ်မသင့်ခြင်း၊
- ဥပစ္ဆေဒကကံဖြင့် မသေရခြင်း။

www.dhammaransi.com



သမိတ်ခြေလှ အကျိုး (၅) ပါး

- တစ်စုံတစ်ခုသော အကြောင်းဖြင့်မတုန်လှုပ်ခြင်း၊
- ကြားသိအပ်သော တရား၌ သတိနှင့်ပြည့်စုံခြင်း၊
- ပညာနှင့် ပြည့်စုံခြင်း၊
- မပျောက်မပျက် ပညာတတ်ခြင်း၊
- ဆုံးဖြတ်နိုင်ခြင်း။

* * *

ခါးလှရသော အကျိုး (၅) ပါး

- အဆောင်ခံပွန်းကောင်း ရခြင်း၊
- လုံ့လရှိခြင်း၊
- သည်းခံနိုင်ခြင်း၊
- မေတ္တာအားကြီးခြင်း၊
- ပညာရှိခြင်း။

* * *

www.dhammaransi.com



## ခါးပန်းကြိုးလှူရသော အကျိုး(၆)ပါး

- ဈာန်သမာပတ်တို့၌ မတုန်လှုပ်ခြင်း၊
- ဈာန်သမာပတ်တို့၌ အလေ့အကျက် များခြင်း၊
- သား မြေး ကျေးကျွန် မကွဲပြားခြင်း၊
- သူတစ်ပါးတို့ ယုံကြည်လေးမြတ်ခြင်း၊
- အမှုခပ်သိမ်း၌ မမေ့မလျော့သော သတိရှိခြင်း၊
- ထိတ်လန့်ခြင်း ကင်းခြင်း။

## ခေါင်းအုံးလှူရသော အကျိုး(၆)ပါး

- မြတ်သောအုံးကို ရခြင်း၊
- မဂ်ဖိုလ်နိဗ္ဗာန် တရားရခြင်း၊
- ဒါန သီလစသော ကုသိုလ်တရား များစေခြင်း၊
- ဝတ်ပဋိပတ်နှင့် ပြည့်စုံစေခြင်း၊
- စင်္ကြံသွားခြင်းစသော မြတ်သော အကျင့်နှင့် ပြည့်စုံခြင်း၊
- သီလစသော မြတ်သောအကျင့်နှင့် ပြည့်စုံခြင်း။

www.dhammaransi.com



### ဘုံလျှိုအခင်းလှူခြင်း အကျိုး(၆)ပါး

- ညီညွတ်သော ကိုယ်ရှိခြင်း၊
- သူတစ်ပါးတို့ ရှိသေခြင်း၊
- ရှုချင်စဖွယ်ရှိသော ကိုယ်ရှိခြင်း၊
- အခြံအရံများခြင်း၊
- အထူးထူးသော အခင်းတို့ရခြင်း၊
- နူးညံ့ခြင်း။

* * *

### ထီးလှူသော အကျိုး(၈)ပါး

- အချမ်းမရှိခြင်း၊
- အပူမရှိခြင်း၊
- အညစ်အကြေး ကင်းခြင်း၊
- ဘေးရန် မရှိခြင်း၊
- စိုးရိမ်ကြောင့်ကြ မရှိခြင်း၊
- လူခပ်သိမ်းတို့ ရှိသေခံရခြင်း၊
- နူးညံ့သော ကိုယ်ရှိခြင်း၊
- နူးညံ့သော စိတ်ရှိခြင်း။

www.dhammaransi.com



## သင်္ကန်းလှူရသော အကျိုး(၈)ပါး

- အဆင်းလှပခြင်း၊
- မြူအညစ်အကြေး ကင်းခြင်း၊
- အရောင်အဝါ ရှိခြင်း၊
- တန်ခိုးအာနုဘော် ကြီးခြင်း၊
- သိမ်မွေ့သော ကိုယ်ရှိခြင်း၊
- ဖြူသော အဝတ်ပုဆိုးရှိခြင်း၊
- ရွှေသော အဝတ်ပုဆိုးရှိခြင်း၊
- နီသော အဝတ်ပုဆိုးရှိခြင်း။

* * *

## စေတီကို သန့်ရှင်းပြုပြင်ရသည့် အကျိုး

- သိကြားမင်းအဖြစ် အကြိမ်ကြိမ် ဖြစ်ရသည်၊
- စကြဝတေးမင်းအဖြစ် အကြိမ်ကြိမ် ဖြစ်ရသည်၊
- ဧကရာဇ်, ပဒေသရာဇ် မင်းအဖြစ်ကား မရေတွက်နိုင်၊
- ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်မလားရ၊
- သံသရာ ကျင်လည် သမျှ စည်းစိမ် ဥစ္စာ ပြည့်စုံရသည်။

www.dhammaransi.com



- ဖြစ်လာသမျှ စည်းစိမ် ယုတ်လျော့ခြင်းမရှိ၊
- ဖြစ်လေရာဘဝ ယာဉ်ရထား ပြည့်စုံရသည်၊
- လူတို့အပူဇော် ခံရသည်၊
- သွားလေရာ ငတ်ဆူး မတွေ့မမြင်ရ၊
- နူနာစသော အနာမဖြစ်-ကင်းရှင်းသည်၊
- လူ့နတ်ဘဝ၌ အံ့ဖွယ်သော စည်းစိမ်ကို ခံစားရသည်၊
- လူ့နတ်ဘဝ၌ အဆင်းအဆင်းအရောင် လှပသည်၊
- ကိုယ်ရောင်ကိုယ်ဝါ တောက်ပသည်၊
- မနှစ်သက်သော အရာများ မတွေ့ရ၊
- ခန္ဓာကိုယ် သန့်ရှင်းစင်ကြယ်၍ တည်ကြည်သော စိတ်ရှိရသည်၊
- နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်ရသည်။

* * *

ဘုရားရှိခိုးတုတ် ထုလုပ်ပူဇော်သော အကျိုး

- အပါယ်လေးပါး မလားရ၊
- မတ္တိမတိုက်သား ဖြစ်ရသည်၊
- ယောကျ်ားအဖြစ် ရသည်၊
- ကိုယ်လက်အင်္ဂါ ချို့တဲ့သူမဖြစ်စေရ၊
- ဒွန်းစဏ္ဍား, သူ့ကျွန်အဖြစ်မျိုး မဖြစ်စေရ၊

www.dhammaransi.com



- ယုတ်သောအမျိုး၌ မဖြစ်ရ၊
- အဆင်းလှသည်၊
- ဘုန်းကြီးသည်၊
- လူအပေါင်း ချစ်မြတ်နိုးခံရသည်၊
- မြတ်သောလာဘ်လာဘကို ရသည်၊
- ကျွဲ၊ ကျွဲ၊ ဘဏ္ဍာနှင့် ပြည့်စုံရသည်၊
- ဆင်၊ မြင်း၊ နွား စည်းစိမ်ပြည့်စုံရသည်၊
- အကြံအစည်ဟူသမျှ အောင်မြင်ရသည်၊
- နတ်၌ဖြစ်သော် နတ်မင်း၊ လူဖြစ်သော် လူမင်း ဖြစ်ရသည်၊
- အခြံအရံ ပေါသည်၊
- ပညာကြီးသည်၊
- တန်ခိုးကြီးသည်၊
- အနာကင်းသည်၊
- အသက်ရှည်သည်၊
- ခွန်အားကြီးသည်၊
- မြဲမြံသော ပညာရှိရသည်၊
- ရဲရင့်သည်၊
- အကြားအမြင် များသည်၊

www.dhammaransi.com



— စကြာဝတေးမင်း၊ ကောရာဇ်ခင်း၊ ပဒေသရာဇ်မင်း အကြိမ်ကြိမ် ဖြစ်ရသည်၊

— ဘုရား, ပစ္စေကဗုဒ္ဓါဆု ပန်၍ရသည်၊

— ထက်သော ပညာရှိရသည်၊

— ချစ်ဖွယ်သော အသွင်ရှိသည်၊

— နောက်ဆုံး၌ ဧျာန်မဂ်ဖိုလ် ရပြီး နိဗ္ဗာန် ကူး ရသည်။

ပြီးပါပြီ။

တက္ကသိုလ်-ဿျင်သိန်ရှိ

(ဓမ္မာစရိယ-ဘီအေ)

* * *

www.dhammaransi.com


ရောက်ရှိနိုင်ပါသည်

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြု ဆရာတော်ကြီး

## ဦးဥတ္တမသာရ ၏စာအုပ်ကောင်းများ

- ▶ မေတ္တာစွမ်းအား လက်တွေ့အကျိုးများ ---------- ၂၀
- ▶ ပရိတ်မေတ္တာ တန်ခိုးထက်စေသောနည်း ---------- ၂၅
- ▶ သံသရာဝဋ်ကို လွတ်အောင်ရုန်းကြစို့ရဲ့ ---------- ၃၀
- ▶ ဘဝအောင်မြင်ရေး လမ်းညွှန်ဒေသနာ ---------- ၅၀
- ▶ သမ္မာဆာသုခ ခေါ် ရဟန်းဘဝချမ်းသာ (ပထမတွဲ၊ ဒုတိယတွဲ) ------- ၆၀-၈၀

(ယခင်က ထုတ်ဝေခဲ့ဖူးသော စာအုပ်အဟောင်းကို ပယ်ဖျက်၍ အသစ်တစ်ဖန် ပြန်လည်ရေးသားထားသော စာအုပ်ကောင်းကြီး ဖြစ်ပါသည်။)

## တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ) ၏ စာအုပ်များ

- ▶ ဆရာတော်ကြီးများ၏ ပဌာန်းတန်ခိုး လက်တွေ့အကျိုး ---------- ၂၅

## ရွှေညာ မောင်ယဉ်စိုး ၏ စာအုပ်များ

- ▶ ပရိယတ် ပဋိပတ်အကျော် ဆရာတော်ကြီးများလက်စွဲ အသုံးချဂါထာတော်များအဖွင့် ---------- ၁၉
- ▶ ပေတဒါန နှင့် ကျေးဇူးရှင်မိဘတို့၏ နောက်ဆုံးမျှော်လင့်ချက် ... ၁၀အုပ်၂၇
- ▶ ကြာသိဂိလိသုတ် ပရိတ်တော် ပရိတ်ကြီး ၁၁-သုတ်ပါဠိတော် (အသံထွက် နှင့်) ပရိတ်စွမ်းအား အကျိုးတရား ---------- ၄၀
(ပရိတ်အမွှန်း လယ်တီနှစ်ကျိတ်ရှစ်ဆူ စက်ပရိတ် နှင့် စမ တံဆိပ်အကြောင်းများပါဝင်ပါသည်။)
- ◆ ဗုဒ္ဓဓမ္မလောက အမေးအဖြေစုံ ---------- ၃၀

အနည်းဆုံး ၅-အုပ် မှာပါက ၂၀% ကော်မရှင်ပေးပါသည်။

ရွှေလဝင်းစာပေ၊ ၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်၊ ဖုန်း-၈၁၂၁၃